# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက် | ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၁ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၁)၊ အမှတ် (၃၃၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ၅/၊ ၈/၊ ၉/ ကိုင်ဆောင်ထားသူ စက်ရုံတွင်းရှိ လုပ်သားထုအား ဖိနှိပ်ခံနေရမှုရှိကြောင်း ဝါဒဖြန့်ခြင်းနှင့်ပတ်သက်၍ သတင်းအမှန်ထုတ်ပြန်ချက်

၁။ ၂၅-၈-၂၀၂၂ ရက်နေ့တွင် CTUM Myanmar Page ၌ "၅/၊ ၈/၊ ၉/ ပါ တီရှပ်များ ဝတ်ဆင်လျက် ဖိနှိပ်ခံနေရသော ၅/၊ ၈/၊ ၉/ ကိုင်ဆောင်ထားသူ လုပ်သားတို့နှင့် ရပ်တည်လျက်ရှိကြောင်း လူငယ်များ သမဂ္ဂဗဟို (Youths Union Centre Labour Alliance) အဖွဲ့နှင့် CTUM အဖွဲ့တို့မှ ကျား (၂) ဦး၊ မ (၁) ဦး၊ ပေါင်း (၃) ဦးတို့သည် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရွှေလင်ဗန်း စက်မှုဇုန်၊ နဝဒေးမင်းကြီးလမ်း၊ အမှတ် (၂၅)ရှိ Zhejiang Tongi Clothing Myanmar Co.,Ltd (အထည်ချုပ်စက်ရုံ)ရှေ့၌ ဆန္ဒဖော်ထုတ်သပိတ်မှောက်"ဟု ဖော်ပြပါရှိခဲ့ပါသည်။

၂။ နိုင်ငံသားစိစစ်ရေးကတ်၏ တိုင်းဒေသကြီး/ ပြည်နယ်ဆိုင်ရာ ဖော်ပြချက်ဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး(၅/)၊ မကွေးတိုင်းဒေသကြီး(၈/)နှင့် မန္တလေးတိုင်းဒေသကြီး(၉/) ကိုင်ဆောင်ထားသူ စက်ရုံတွင်းရှိ လုပ်သားထုအား ဖိနှိပ်ခံနေရမှုရှိကြောင်း သတင်းနှင့်ပတ်သက်၍ တာဝန်ရှိသူများမှ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ သတင်းအမှန်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အဆိုပါစက်ရုံသည် Mr. Gong Song Lin (ကိုရီးယားနိုင်ငံသား) ပိုင်ဆိုင်ပြီး အလုပ်သမား ကျား (၁၀၈)ဦး၊ မ(၁၃၈၈)ဦး၊ စုစုပေါင်း(၁၄၉၆)ဦးဖြင့် လုပ်ကိုင်လျက်ရှိသည့် အထည်ချုပ်စက်ရုံဖြစ်ကြောင်း၊

(ခ) စက်ရုံသည် စတင်ဖွင့်လှစ်လုပ်ကိုင်ခဲ့သည်မှာ (၇)နှစ်ကျော်ရှိပြီဖြစ်ကြောင်း၊ စက်ရုံမှ အလုပ်သမားများကို အကြောင်းမဲ့ အလုပ်မှထုတ်ပယ်မှုများ မပြုလုပ်ခဲ့ကြောင်း၊ စည်းကမ်းလိုက်နာမှုမရှိသည့် အလုပ်သမားအချို့ကိုသာ ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းများရှိကြောင်း၊ စက်ရုံအတွင်း၌ အလုပ်သမားရေးရာ ထူးခြားဖြစ်စဉ်များ မရှိကြောင်းနှင့် ဆန္ဒပြသူ (၃) ဦးမှာလည်း အဆိုပါစက်ရုံမှ အလုပ်သမားများ မဟုတ်ကြောင်း၊

(ဂ) စက်ရုံရှိအလုပ်သမားများအားလုံး တည်ငြိမ်အေးချမ်းစွာ အလုပ် လုပ်ကိုင်လျက်ရှိပါကြောင်းနှင့် စက်ရုံမှ နိုင်ငံသား စိစစ်ရေးကတ်အမှတ် (၅/၊ ၈/၊ ၉/) ကိုင်ဆောင်သူ အလုပ်သမားများအား အကြောင်းမဲ့အလုပ်ထုတ်ပယ်ခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ ဖိနှိပ်ချုပ်ချယ်ခြင်းများ ပြုလုပ်မှုမရှိပါကြောင်း။

၃။ သို့ဖြစ်ပါ၍ ၂၅-၈-၂၀၂၂ ရက်နေ့တွင် CTUM Myanmar Page ၌ ထုတ်ပြန်ခဲ့သော သတင်းမှာ လုပ်ငန်းခွင်အေးချမ်းသာယာမှု ထိခိုက်ပျက်ပြားစေရန်နှင့် ကုန်ထုတ်လုပ်မှုဆိုင်ရာများ နစ်နာဆုံးရှုံးစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းသာဖြစ်ကြောင်း၊ ဖြစ်စဉ်အမှန် မဟုတ်ပါကြောင်း သတင်းအမှန် ထုတ်ပြန်အပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

## တနင်္သာရီတိုင်းဒေသကြီး သမဝါယမကဏ္ဍမှ ပြည်ပသို့ ရေထွက်ပစ္စည်းများ တင်ပို့

**တနင်္သာရီ ဩဂုတ် ၃၁**

တနင်္သာရီ တိုင်းဒေသကြီးအတွင်းရှိ ပင်လယ်ငါးဖမ်းလုပ်ငန်းများမှ ငါး၊ ပုစွန်နှင့် ရေထွက်ပစ္စည်းများကို ပြည်ပပို့ကုန်အဖြစ် တင်ပို့လျက်ရှိရာ ကော့သောင်းမြို့နယ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း သိမ်းထိုက်ဇော် ရေထွက်ပစ္စည်းနှင့် အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၃၀ သန်း တန်ဖိုးရှိ ရေထွက်ပစ္စည်း ကုန်တန်ချိန် ၁၃၁၅ ဒသမ ၆၉၀ တန်နှင့် အောင်ကျော်ဇေ ရေထွက်ပစ္စည်းနှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၁၂ သန်းတန်ဖိုးရှိ ရေထွက်ပစ္စည်း ကုန်တန်ချိန် ၉၉၉ ဒသမ ၁၅၅ တန်ကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချခဲ့ပြီး နိုင်ငံခြားဝင်ငွေရရှိစေရန်အတွက် သမဝါယမ ကုန်သွယ်မှုကဏ္ဍက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့မှ ထွက်ရှိသည့် ငါး၊ ပုစွန်နှင့် ရေထွက်ပစ္စည်းများကို ထိုင်းနိုင်ငံသို့ တင်ပို့မည့် စက်လှေတစ်စင်းအား တွေ့ရစဉ်။

### ယနေ့ ဖတ်စရာ


နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)ဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး
ပြည်တွင်းသတင်း | စာ - ၃

အသိနဲ့ အကျင့်
ဆောင်းပါး | စာ - ၆

မြိတ်ကျွန်းစုအတွင်း ဒေသခံများ ပူးပေါင်းစီမံခန့်ခွဲသော အဏ္ဏဝါရေပြင်နယ်မြေ (Locally Managed Marine Areas – LMMA)
ဆောင်းပါး | စာ - ၁၀

မြန်မာ့အလင်း

## ဒေသအစွဲဖြင့် သွေးခွဲရေး ယုတ်မာညစ်ထေးသည့်လုပ်ရပ်

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်တွင် စက်မှုဇုန်ပေါင်း ၂၉ ခုရှိပြီး ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် လည်ပတ်လျက်ရှိသော စက်ရုံထောင်ပေါင်းများစွာတို့က နိုင်ငံတစ်ဝန်းလုံးမှ လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများပင်ဖြစ်သည့်အလျောက် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လာရောက်အလုပ်လုပ်ကိုင်နေကြသူများလည်း များစွာရှိသည်။ လှိုင်သာယာသည် စက်မှုမြို့ဟု ဆိုရလောက်အောင်ပင် လှိုင်သာယာစက်မှုဇုန် အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၃)၊ အမှတ် (၄)၊ အမှတ်(၆)၊ အမှတ် (၇)နှင့် လှိုင်သာယာစက်မှုဇုန် အမှတ်(၅)၊ ရွှေလင်ပန်းစက်မှုဇုန် စသည့်စက်မှုဇုန်များတည်ရှိပြီး အနယ်နယ်အရပ်ရပ်မှ အမျိုးသမီး၊ အမျိုးသား အလုပ်သမားများ သိန်းနှင့်ချီ၍ အလုပ်လုပ်ကိုင်နေကြခြင်းဖြစ်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အနည်းငယ်အတွင်း လှိုင်သာယာစက်မှုဇုန်မှ စက်ရုံအချို့က နိုင်ငံသားစိစစ်ရေးကတ်(၅/)၊ (၈/)၊ (၉/) ကိုင်ဆောင်သည့် လုပ်သားများအား အကြောင်းမဲ့ အလုပ်မှ ရပ်နားခြင်း၊ တာဝန်မပေးခြင်း၊ ခွဲခြားဆက်ဆံခြင်းများ ပြုလုပ်နေကြောင်း စသည်တို့ကို ပြည်ပလက်ဝေခံသတင်းဌာနအချို့က သတင်းအဖြစ် ထုတ်လွှင့်ဖော်ပြလာခဲ့သည်။ နိုင်ငံသားစိစစ်ရေးကတ်တွင် ဖော်ပြသည့် (၅/) သည် စစ်ကိုင်းတိုင်းဒေသကြီး၊ (၈/) သည် မကွေးတိုင်းဒေသကြီးနှင့် (၉/) သည် မန္တလေးတိုင်းဒေသကြီးတို့ကို ရည်ညွှန်းထားခြင်းဖြစ်ပြီး လတ်တလောအခြေအနေတွင် အဆိုပါတိုင်းဒေသကြီးများအတွင်းရှိ ဒေသအချို့၌ မတည်မငြိမ်ဖြစ်ပွားနေခြင်းကို အကြောင်းပြု၍ စက်ရုံတွင် လာရောက်အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများကို အစိုးရ၏နောက်ကွယ်မှ ညွှန်ကြားချက်အရ ဖိနှိပ်မှုများပြုလုပ်နေသယောင် သတင်းထုတ်လွှင့်ခဲ့ခြင်းဖြစ်သည်။

မိမိတို့နိုင်ငံတွင် တည်ငြိမ်အေးချမ်းမှုပျက်ပြားရေး၊ တိုင်းပြည်ပြိုကွဲပျက်စီးရေးကို တစိုက်မတ်မတ်ပြုလုပ်နေကြသည့် ပြည်ပအင်အားစုများနှင့် ၎င်းတို့၏လက်ဝေခံ ပုဆိန်ရိုးများက မိမိတို့နိုင်ငံ၏ တိုင်းရင်းသားပြည်သူများအကြား လူမျိုးရေးအခြေခံကာ သွေးခွဲသပ်လျှိုမှုများ ပြုလုပ်ခဲ့ကြသလို ယခုလုပ်ရပ်မှာ ဒေသကို အခြေခံ၍ ဒေသစွဲဖြင့် အကွဲအပြဲဖြစ်အောင် ယုတ်မာပက်စက်စွာ ထပ်မံဖန်တီးလာကြခြင်းလည်းဖြစ်သည်။ တစ်ဆက်တည်းမှာပင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများကို အနှောင့်အယှက်ဖြစ်ပေါ်စေခြင်း၊ လုပ်ငန်းခွင်များတွင် မတည်မငြိမ်မှုများ ဖြစ်ပေါ်စေခြင်းဖြင့် ကုန်ထုတ်လုပ်မှုနှင့် နိုင်ငံ၏စီးပွားရေး ကျဆင်းစေရန်၊ ပြည်သူလူထုအတွင်း အခက်အခဲများ ဖြစ်ပေါ်စေရန် လှုံ့ဆော်နေကြခြင်းပင်ဖြစ်သည်။

ကချင်၊ ကယား၊ ကရင်၊ ချင်း၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ မွန်၊ ရခိုင်၊ ရန်ကုန်၊ ရှမ်း၊ ဧရာဝတီဟူသော (၁/) မှသည် (၁၄/)အထိ တိုင်းဒေသကြီး(၇) ခုနှင့် ပြည်နယ် (၇)ခုတို့မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အဆင့်အတန်းတူညီသည့် နယ်မြေအစိတ်အပိုင်းများဖြစ်သကဲ့သို့ နိုင်ငံသားတိုင်း ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိကြသည်။ နိုင်ငံသားတိုင်း ဝန်ထမ်းတာဝန် ထမ်းဆောင်ရာတွင်ဖြစ်စေ၊ အလုပ်လုပ်ကိုင်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ စီးပွားရေးလုပ်ခြင်း၊ အတတ်ပညာဖြင့် အသက်မွေးခြင်းတို့တွင်ဖြစ်စေ တူညီသော အခွင့်အလမ်းများကို အခြေခံဥပဒေအရ ရရှိပြီးဖြစ်ရာ မသမာသူတို့၏ ဝါဒဖြန့်အဖျက်အမှောင့်ပြုလုပ်မှုတို့ကို သတိပြု၍ ဝိုင်းဝန်းဆန့်ကျင်ရှုတ်ချကြရပါမည့်အကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှု အနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

## စစ်ကိုင်းတိုင်းဒေသကြီး (၂၃)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး (စတုတ္ထအကြိမ်) လုပ်ငန်းညှိနှိုင်းစည်းဝေး



**မုံရွာ ဩဂုတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး (၂၃)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး (စတုတ္ထအကြိမ်) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၃၁ ရက်က တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြပြီး တိုင်းဒေသကြီးအတွင်းရှိ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။ **(အပေါ်ယာပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုင်းဒေသကြီး ကိုယ်စားပြု အရည်အချင်းပြည့်ဝသည့် ပညာရှင်၊ ဝါသနာရှင်များကို ဗဟိုအဆင့်သို့ ရွေးချယ်စေလွှတ်နိုင်ရေးအတွက် တာဝန်ရှိသူများက ဘက်လိုက်မှု ကင်းကင်းဖြင့် ရွေးချယ်ပြီး ဗဟိုအဆင့်တွင် အဆင့်တန်းရှိရှိ ပါဝင်ယှဉ်ပြိုင်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းလိုအပ်ချက်များ ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြရန် ပြောကြားသည်။

ယင်းနောက် ကျင်းပရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းက လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အစည်းအဝေးသို့တက်ရောက်လာသူများ၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် မိမိတို့ခရိုင်များအလိုက် စီမံဆောင်ရွက်ထားရှိမှုများအား တင်ပြဆွေးနွေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် “လှပသာယာ ပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

**နေပြည်တော် ဩဂုတ် ၃၁**

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား **“လှပသာယာ ပြည်မြန်မာ”**ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှု၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့် သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များ စသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသောဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာဖြစ်ရမည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy (CD) ကို တစ်ပါတည်း ပူးတွဲပေးပို့ရမည်ဖြစ်သည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူ အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၏ အကြောင်းအရာ၊ ရိုက်ကူးသည့် နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျော၌ သီးခြားစက္ကူဖြင့်ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင် ဓာတ်ပုံများကို ၃၁-၁၀-၂၀၂၂ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ထုတ်လုပ်ရေးဌာနခွဲ(ရန်ကုန်)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် (၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၂၀၁၉၃၆ သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)ဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၃၁**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်စစ်၊ အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် စဝ်ဆောင်းဟန်တို့ တက်ရောက်ကြသည်။



နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)ဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးစဉ်။

**အပြန်အလှန် ဆွေးနွေးညှိနှိုင်း**

ဒုတိယနေ့ ဆွေးနွေးပွဲတွင် ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၁)၊ (၂)နှင့် (၃)တို့ပါ သဘောတူညီချက်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ခုနှစ်)၊ တည်ဆဲဥပဒေများနှင့် ကိုက်ညီမှုရှိ၊ မရှိ လေ့လာစိစစ်ချက်များနှင့် ပတ်သက်၍ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်က ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက ၎င်းတို့၏ ဆန္ဒသဘောထားများနှင့် လိုလားချက်များကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းကြသည်။

ထို့နောက် အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြပြီး ညနေပိုင်းတွင် တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ရပ်နားလိုက်သည်။

**ဆက်လက်ကျင်းပသွားမည်**

တတိယနေ့ တွေ့ဆုံဆွေးနွေးပွဲကို အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ စက်တင်ဘာ ၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အဆင့်မီ စံချိန်/စံညွှန်း အရည်အသွေးကောင်းမွန်သည့် အားကစားကွင်း/အားကစားရုံများ တည်ဆောက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၃၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အားကစားလေ့ကျင့်ရေးစခန်း (Gold Medal Hall) ၌ ကျင်းပသည်။ **(ယာပုံ)**

**ထပ်ဆင့်ရှင်းလင်း**

ဦးစွာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ပြီးခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့ ၆ လပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ လမ်းညွှန်ချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် အားကစားကဏ္ဍနှင့် လူငယ်ကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးရန် ပြည်သူများအတွက် စဉ်းစားပြီး လုပ်ငန်းတာဝန်များ ကျေပွန်အောင်ကြိုးစား ထမ်းဆောင်ကြရန်လိုကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အဆင့်မီ စံချိန်/စံညွှန်း အရည်အသွေးကောင်းမွန်သည့် အားကစားကွင်း/အားကစားရုံများ တည်ဆောက်ပေးလျက်ရှိကြောင်း၊ ယင်းအားကစားကွင်း/ အားကစားရုံများ ရေရှည်တည်တံ့ပြီး ပြည်သူများ လာရောက် လေ့ကျင့်ကစားနိုင်ရေး ပြုပြင်ထိန်းသိမ်း စောင့်ရှောက်သွားရန်လိုကြောင်းနှင့် ဝန်ထမ်းများအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားအားထုတ်၍ လုပ်ငန်းတာဝန်များ ကျေပွန်အောင် ထမ်းဆောင်ကြရန် လိုကြောင်း ရှင်းလင်းပြောကြားသည်။



အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးမျိုးလှိုင်၊ ဒေါက်တာစိုးဝင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ (ဌာနခွဲများ၊ အားကစားနှင့်ကာယပညာ သိပ္ပံကျောင်းများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများ)မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**





**၂၀၂၂ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်**

- လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

# ပေါင်းလောင်းမြစ်အတွင်း ရေပေါ်လှောင်အိမ်စနစ်ဖြင့် ပုဂ္ဂလိကငါးမွေးမြူရေးလုပ်ငန်း စတင်ဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၃၁**

ပေါင်းလောင်းမြစ်အတွင်း ရေပေါ်လှောင်အိမ်စနစ်ဖြင့် ပုဂ္ဂလိကငါးမွေးမြူရေးလုပ်ငန်း စတင်ဆောင်ရွက်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ကျည်တောင်ရွက်အနီး ပေါင်းလောင်းမြစ်ရေပြင်၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဒေသနေပြည်သူများ ငါးစားသုံးမှု ဖူလုံရေးအပြင် အခြားတိုင်းဒေသကြီး / ပြည်နယ်များနှင့် လိုအပ်ချက်ရှိနေသည့် အနီးဝန်းကျင်ဒေသများသို့ တင်ပို့ရောင်းချနိုင်သည်အထိ ငါးမွေးမြူထုတ်လုပ်မှု သိသာစွာတိုးတက်လာရေးအတွက် နေပြည်တော်ပတ်ဝန်းကျင်ရှိ ပေါင်းလောင်းမြစ်အပါအဝင် ဆည်တာတမံနှင့် အခြေအနေပေးသည့် သဘာဝမြစ်ချောင်းများတွင် တိုးချဲ့မွေးမြူနိုင်ရေးကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက အားပေးကူညီလျက်ရှိပါကြောင်း၊ ခေတ်မီနည်းစနစ် အသုံးပြု၍ ငါးမွေးမြူရေးလုပ်ငန်းများ အောင်မြင်လာပါက ငါးမွေးမြူထုတ်လုပ်သည့်လုပ်ငန်းစဉ် ကွင်းဆက်တစ်လျှောက်တွင် ပါဝင်လုပ်ကိုင်သူများ၏ စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေးပြောကြား**

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုနယ်မြေဖြစ်သော နေပြည်တော်တွင် လယ်ယာ သား ငါးကဏ္ဍ ဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များ၊ ဒေသနေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် လူမှုစီးပွားဘဝများ တိုးတက်ရေး ဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်က ပေါင်းလောင်းမြစ်အတွင်း ရေပေါ်လှောင်အိမ်စနစ်ဖြင့် ငါးမွေးမြူနိုင်မှုအခြေအနေနှင့် ငါးမွေးတောင်သူများအတွက် အကျိုးဖြစ်ထွန်းနိုင်မှု အလားအလာများကို ရှင်းလင်းတင်ပြသည်။

**နမူနာအဖြစ် ပြသ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ပေါင်းလောင်းမြစ်အတွင်း ရေပေါ်လှောင်အိမ်စနစ်ဖြင့် ငါးမွေးမြူလုပ်ကိုင်မည့် တောင်သူကြီး ဦးကြည်ထွန်း၏ ရေပေါ်လှောင်အိမ် လေးခုအတွင်းသို့ တီလားဗီးယားငါးသားပေါက်များ မျိုးစိုက်ထည့်ပေးခဲ့ကြသည်။ ယနေ့ ငါးမျိုးစိုက်ထည့် မွေးမြူခြင်းလုပ်ငန်းကို အနီးဝန်းကျင်ရှိ ကျေးရွာများမှ ငါးမွေးမြူရေးလုပ်ငန်း စိတ်ဝင်စားသူများအား နမူနာအဖြစ် ပြသပြီး ပေါင်းလောင်းမြစ်ကြောင်းတစ်လျှောက်နှင့် အခြေအနေပေးသည့် သဘာဝရေပြင်များတွင် ရေပေါ်လှောင်အိမ်စနစ်ဖြင့် ငါးမွေးမြူထုတ်လုပ်မှု တိုးပွားလာရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၃ ခုနှစ် အတွက် အာဆီယံခရီးသွားလုပ်ငန်းစံနှုန်းဆုများ ပါဝင်ယှဉ်ပြိုင်ရေးအသိပညာပေး ဆွေးနွေး





**နေပြည်တော် ဩဂုတ် ၃၁**

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၃ ခုနှစ်အတွက် အာဆီယံခရီးသွားလုပ်ငန်း စံနှုန်းဆုများ ပါဝင်ယှဉ်ပြိုင်ရေး အသိပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

**စတင်ပေးအပ်ချီးမြှင့်**

ဆွေးနွေးပွဲတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က ၂၀၀၈ ခုနှစ်တွင် ကျင်းပခဲ့သည့် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်တွင် အာဆီယံအစိမ်းရောင် ဟိုတယ်ဆုများ စတင်ပေးအပ်ချီးမြှင့်ခဲ့ကြောင်း။

**စံနှုန်း ၁၀ ခုအထိ ရေးဆွဲပြီးဖြစ်**

ယနေ့ကာလတွင် အာဆီယံခရီးသွားလုပ်ငန်းစံနှုန်းများသည် အစိမ်းရောင်ဟိုတယ် စံနှုန်းအပြင် ရေရှည်တည်တံ့ခိုင်မြဲသောခရီးသွားလုပ်ငန်းစံနှုန်း၊ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းစံနှုန်း၊ သန့်ရှင်းသော ခရီးသွားမြို့တော်များစံနှုန်း၊ Home Stay စံနှုန်း၊ အများပြည်သူသုံး သန့်စင်ခန်းစံနှုန်း၊ Spa ဝန်ဆောင်မှုများစံနှုန်း၊ Meetings, Incentives, Conferences, Exhibitions– MICE Venue စံနှုန်းတွင် အစည်းအဝေးခန်းမ၊ ပြပွဲခန်းမနှင့် event ခန်းမစသည်ဖြင့် နိုင်ငံတကာစံနှုန်းများနှင့်အညီ စုစုပေါင်း စံနှုန်း ၁၀ ခုအထိ ရေးဆွဲပြီးဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အစိမ်းရောင်ဟိုတယ်ဆု ၆၃ လုံး၊ ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဆုတွင် ကျေးလက်ခရီးစဉ်ဆုအတွက် သုံးခု၊ မြို့ပြခရီးစဉ်ဆုအတွက် နှစ်ခု၊ လူမှုအဖွဲ့အစည်း အခြေခံခရီးသွားလုပ်ငန်းဆု ငါးခု၊ သန့်ရှင်းသော ခရီးသွားမြို့တော်ဆု ကိုးခု၊ အများပြည်သူသုံးသန့်စင်ခန်းဆု သုံးခု၊ အစည်းအဝေးခန်းမဆု ၁၂ ခု၊ ပြပွဲခန်းမဆု နှစ်ခု စုစုပေါင်း ၉၉ ဆု ရရှိထားပြီးဖြစ်ကြောင်း၊ လာမည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် အင်ဒိုနီးရှားနိုင်ငံ ဂျော့ဂျာကာတာမြို့တွင် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၂၃ ကို ကျင်းပသွားမည်ဖြစ်ပြီး စံနှုန်းဆုများ ဆက်လက်ပေးအပ်ချီးမြှင့်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ စံနှုန်းများအလိုက် အမှတ်ပေးစည်းမျဉ်းများကို သိရှိစေလိုသဖြင့် ယနေ့ ဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မိမိတို့နှင့်ကိုက်ညီသည့် စံနှုန်းဆုများကို ပါဝင်ယှဉ်ပြိုင်လျှောက်ထားစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌက အသင်းအဖွဲ့များမှ စံနှုန်းများဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများနှင့် အကောင်အထည်ဖော်ရာတွင် ပါဝင်ဆောင်ရွက်နေမှု၊ ဘာသာရပ်တာဝန်ခံများက အာဆီယံခရီးသွားလုပ်ငန်းစံနှုန်းများနှင့် မြန်မာနိုင်ငံမှ အဆိုပါစံနှုန်းဆုများ ပါဝင်လျှောက်ထားမှုနှင့် ဆုရရှိမှုအခြေအနေများ၊ အာဆီယံရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းစံနှုန်းများ၊ အာဆီယံအများပြည်သူသုံး သန့်စင်ခန်းများဆိုင်ရာ စံနှုန်းများနှင့် ဆုများပါဝင်လျှောက်ထားနိုင်ရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းဆွေးနွေးကြပြီး သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

**ဆုများပေးအပ်နိုင်ရေး စီစဉ်**

၂၀၂၃ ခုနှစ်အတွက် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်ကို အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြီး ဆုများပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




# နတ်တလင်းခရိုင် တရားရုံးဖွင့်ပွဲအခမ်းအနားကျင်းပ

**နတ်တလင်း ဩဂုတ် ၃၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် တရားရုံးဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက မြို့မရပ်ကွက် ဗိုလ်ရုံလမ်း နတ်တလင်းမြို့နယ်တရားရုံးဝင်းအတွင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နတ်တလင်းခရိုင်တရားသူကြီး ဒေါ်စန်းသိင်္ဂီက အမှာစကားပြောကြားပြီး နတ်တလင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ သာယာဝတီခရိုင် တရားသူကြီး ဒေါ်မေစိမ့်စမ်း၊ နတ်တလင်းခရိုင်တရားသူကြီး ဒေါ်စန်းသိင်္ဂီ၊ နတ်တလင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်ဦးတို့က ခရိုင်တရားရုံး ဆိုင်းဘုတ်ကို စိုက်ထူပေးခဲ့ပြီး အဆိုပါဆိုင်းဘုတ်အား အမွှေးနံ့သာရည်များ ပက်ဖျန်းကာ ဖွင့်လှစ်ပေးခဲ့သည်။ (ဓါတ်ပုံ)

နတ်တလင်းခရိုင်တရားရုံးအနေဖြင့် နတ်တလင်းမြို့နယ်၊ ဇီးကုန်းမြို့နယ်၊ ပေါင်းတည်မြို့နယ်၊ သဲကုန်းမြို့နယ်တို့၌ ဖြစ်ပွားသော ရာဇဝတ်မှုများနှင့် တရားမမှုများကို စစ်ဆေးစီရင်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၁ ရက်နေ့မှစ၍ တရားစီရင်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ နတ်တလင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ သာယာဝတီခရိုင်တရားသူကြီး၊ နတ်တလင်းခရိုင်တရားသူကြီး၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ နတ်တလင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နတ်တလင်းခရိုင်အတွင်းရှိ မြို့နယ် လေးမြို့နယ်မှ မြို့နယ်တရားသူကြီးများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဝေယံဖြိုး(ပြန်/ဆက်)**

# အမျိုးသားပြတိုက် (နေပြည်တော်) တွင် "ဗုဒ္ဓအနုပညာပြခန်းနှင့် မြန်မာနိုင်ငံ၏ နိုင်ငံတော်သမ္မတများ အသုံးပြုခဲ့သည့် မော်တော်ယာဉ်ပြခန်း" များ တိုးချဲ့ဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၃၁**

အမျိုးသားပြတိုက် (နေပြည်တော်) ၌ ဗုဒ္ဓအနုပညာပြခန်းနှင့် မြန်မာနိုင်ငံ၏ နိုင်ငံတော်သမ္မတများ အသုံးပြုခဲ့သည့် မော်တော်ယာဉ်ပြခန်း နှစ်ခန်း ထပ်မံတိုးချဲ့ဖွင့်လှစ်သည့် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီး(သာသနာရေး) ဦးအေးထွန်း၊ ဒုတိယဝန်ကြီး (ယဉ်ကျေးမှု) ဒေါက်တာ မိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ယခု တိုးချဲ့ပြသမည့် ပြခန်းနှစ်ခန်းမှာ "ဗုဒ္ဓအနုပညာပြခန်း" နှင့် "နိုင်ငံတော်သမ္မတများ အသုံးပြုခဲ့သည့် မော်တော်ယာဉ်များပြခန်း"တို့ ဖြစ်ကြောင်း၊ အဆိုပါပြခန်းများကို ဗုဒ္ဓဘုရားရှင်အား ရည်မှန်းပြီး ပျူခေတ်မှ ခေတ်အဆက်ဆက် မြန်မာလူမျိုးတို့ ထုလုပ်ပူဇော်ကိုးကွယ်ခဲ့ကြသည့် ဗုဒ္ဓရုပ်ပွားတော်များ၏ လက်ရာပြောင်းလဲပုံအဆင့်ဆင့်ကို ပြည်သူလူထု နှိုင်းယှဉ်လေ့လာပြီး ကြည်ညိုသဒ္ဓါပွားနိုင်ကြစေရန်၊ မြန်မာနိုင်ငံ၏ သမ္မတကြီးများ ခေတ်အဆက်ဆက် အသုံးပြုခဲ့ကြသည့် မော်တော်ယာဉ်များကို ပြည်သူလူထုအနေဖြင့် လေ့လာသိရှိပြီး ဗဟုသုတပွားများနိုင်ကြစေရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် အများပြည်သူအတွက် ယခင်ဖွင့်လှစ်ပြီးပြခန်းများနှင့်အတူ ပြခန်းနှစ်ခန်းကို တိုးချဲ့ခင်းကျင်းပြသရခြင်းဖြစ်ကြောင်း၊ ပြတိုက်ဝန်ထမ်းများသည် ခေတ်နှင့်အညီ အိုင်တီနည်းပညာကို အသုံးချ၍ Digital Museum ပေါ်ထွက်လာအောင် ကြိုးပမ်းကြရန်နှင့် လူသားအရင်းအမြစ်စွမ်းဆောင်ရည်မြှင့်တင်ရေး Capacity Building ကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ကျော်ဦးလွင်က ပြခန်းများ တိုးချဲ့ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကိုလည်းကောင်း၊ အမျိုးသားပြတိုက် (နေပြည်တော်) ညွှန်ကြားရေးမှူး ဒေါက်တာအေးအေးသင်းက တိုးချဲ့ဖွင့်လှစ်မည့် ပြခန်းများ၌ ခင်းကျင်းပြသထားမှုကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပြခန်းနှစ်ခန်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တိုးချဲ့ဖွင့်လှစ်ပြသသည့် ပြခန်းများအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြပြီး **(ဝဲပုံ)** ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ်အဖြစ် စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ စာတမ်းရှင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိလေးက မြန်မာ့နန်းတွင်း ကွမ်းစားခြင်းဓလေ့ စာတမ်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မိုးဝေ က အမျိုးသားပြတိုက် (နေပြည်တော်) ၏ ပြည်တွင်းပြည်ပဧည့်သည်ဦးရေအား လေ့လာဆန်းစစ်ချက်စာတမ်း၊ ဒုတိယဦးစီးမှူး ဒေါ်နှင်းအိစံက အမျိုးသားပြတိုက် (နေပြည်တော်) ၏ ဧည့်သည်ဝန်ဆောင်မှု ကဏ္ဍအား လေ့လာချက်စာတမ်းများကို အသီးသီးဖတ်ကြားကြပြီး သဘာပတိက စာတမ်းများအပေါ် သုံးသပ်ဆွေးနွေး၍ နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






# မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (တတိယနေ့) ယှဉ်ပြိုင်နေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ကြည့်ရှုအားပေး

**မကွေး ဩဂုတ် ၃၁**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (တတိယနေ့) အဖြစ် ယမန်နေ့နံနက်ပိုင်းမှ စတင်၍ မကွေးမြို့ မြို့တော်ခန်းမနှင့် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း ပန်းဟောဝန်ခန်းမတို့၌ ဆက်လက်ယှဉ်ပြိုင်လျက်ရှိရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကြည့်ရှုအားပေးရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မကွေးမြို့၊ မြို့တော်ခန်းမ၌ အကပြိုင်ပွဲအဖြစ် အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း အမျိုးသား/အမျိုးသမီး တစ်ဦးချင်း အကပြိုင်ပွဲအား လည်းကောင်း၊ အသက် ၁၀ နှစ်မှ ၁၅ နှစ် အမျိုးသမီး ကဗျာလွတ် အကပြိုင်ပွဲအားလည်းကောင်း၊ အသက် ၁၀ နှစ်မှ ၁၅ နှစ် အခြေခံ ဒိုးပတ်ပြိုင်ပွဲနှင့် ဝါသနာရှင် ဒုတိယတန်း ဒိုးပတ်ပြိုင်ပွဲကိုလည်းကောင်း၊ ဝါသနာရှင် (ပထမတန်း) ကွက်စိပ်ပြိုင်ပွဲကို ကြည့်ရှုအားပေးခဲ့ပြီး **(အပေါ်ပုံ)** ဒိုင်အဖွဲ့များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး တတိယနေ့ပွဲစဉ်များအဖြစ် အကပြိုင်ပွဲတွင် အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း အမျိုးသား/အမျိုးသမီး တစ်ဦးချင်း အကပြိုင်ပွဲ၊ အခြေခံပညာ အမျိုးသမီး ကဗျာလွတ် အကပြိုင်ပွဲ၊ အခြေခံ ဒိုးပတ်ပြိုင်ပွဲနှင့် ဝါသနာရှင် ဒုတိယတန်း ဒိုးပတ်ပြိုင်ပွဲများနှင့် ဝါသနာရှင် (ပထမတန်း) ကွက်စိပ်ပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**ကိုစည်သူ(မကွေး)**

# ပန်းတောင်းမြို့နယ်၌ ရပ်ကွက်အခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ခြင်း ရက်တိုသင်တန်းဖွင့်

**ပန်းတောင်း ဩဂုတ် ၃၁**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ ရပ်ရွာအခြေပြုလူကုန်ကူးမှု စိစစ်ဖော်ထုတ်ခြင်း ရက်တိုသင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုက သင်တန်းဖွင့်အမှာစကားပြောကြားပြီး အမှတ်(၂၀)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ပြည်)မှ ဒုတိယရဲမှူး တင်မောင်နိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် (၄၁/၂၀၂၂)ဖြင့် အတည်ပြုပြဋ္ဌာန်းသည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေသစ်ကို တင်ပြဆွေးနွေးခြင်း၊ လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ဥပဒေများနှင့် ပြစ်မှုပြစ်ဒဏ်များ၊ လူကုန်ကူးမှုစိစစ်သတ်မှတ်ချက်ပုံစံများအား ဖြည့်သွင်းနိုင်ရေးတို့ကို သင်တန်းပို့ချပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ရပ်ရွာအခြေပြုလူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့ဝင်များဖြစ်သည့် မြို့နယ်အတွင်းရှိ သင်တန်းသား ၆၂ ဦး တက်ရောက်ကာ သင်တန်းကာလ ၃ ရက်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုး(ပြန်/ဆက်)**

# မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဩဂုတ် ၃၁**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ နွားထိုးကြီးမြို့တွင် ၂ ဒသမ ၃၄ လက်မ၊ ပူတာအိုမြို့တွင် ၁ ဒသမ ၉၃ လက်မ၊ မြောင်းမြမြို့တွင် ၁ ဒသမ ၆၁ လက်မ၊ ဘိုကလေးမြို့တွင် ၁ ဒသမ ၁၀ လက်မ၊ ပလက်ဝမြို့နှင့် ရန်ကုန် (ဗိုလ်တထောင်မြို့နယ်) တို့တွင် ဝ ဒသမ ၈၇ လက်မစီ၊ ပုသိမ်မြို့တွင် ဝ ဒသမ ၈၃ လက်မ၊ ကျိုက်လတ်မြို့တွင် ဝ ဒသမ ၈၀ လက်မ၊ ကျိုက်မရောမြို့တွင် ဝ ဒသမ ၇၁ လက်မနှင့် မချမ်းဘောမြို့တွင် ဝ ဒသမ ၆၃ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ညောင်ဦးမြို့နယ်အတွင်းရှိ သောက်သုံးရေလိုအပ်နေသည့် ကျေးရွာများသို့ သောက်သုံးရေများ လှူဒါန်း

**ညောင်ဦး ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း သောက်သုံးရေလိုအပ်လျက်ရှိသော ညောင်ဦးမြို့နယ် တောင်ဇင်းတိုက်နယ်ရှိ ကြို့ပင်သာကျေးရွာနှင့် မောက်စက်ကုန်းတဲတိုက်သို့ ဩဂုတ် ၃၀ ရက်က သောက်သုံးရေဂါလန် ၃၂၀၀ လှူဒါန်းခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူထံမှ သိရသည်။

အဆိုပါ ညောင်ဦးမြို့နယ် တောင်ဇင်းတိုက်နယ်ရှိ ကြို့ပင်သာကျေးရွာနှင့် မောက်စက်ကုန်းတဲတိုက်သည် သောက်သုံးရေရှားပါးနေခြင်းကြောင့် မြို့နယ်မီးသတ်ဦးစီးဌာန တောင်ဇင်းနယ်မြေမီးသတ်စခန်းအနေဖြင့် ဌာနလုပ်ငန်းများအပြင် ပြည်သူ့အကျိုးပြုလုပ်ငန်းများဖြစ်သည့် ကျေးလက်နေပြည်သူများနှင့် ဘုန်းတော်ကြီးကျောင်းများမှသောက်သုံးရေ အကူညီတောင်းခံလာခြင်းကို တောင်ဇင်းနယ်မြေမီးသတ်စခန်းပိုင် မီးသတ်ရေသယ်ယာဉ်ဖြင့် တောင်ဇင်းတိုက်နယ်ကျေးရွာအတွက် ရေဂါလန် ၃၂၀၀ လှူဒါန်းပေးခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးမှူးက ပြောသည်။

**ဝင်းထိန်(ပြန်/ဆက်)**

# အသိနဲ့ အကျင့်

**မောင်မိုးတိမ်**

> **မိမိတို့အတွင်းစိတ်က အမြဲကောင်းမွန်နေပါမူ နောက်နောင်ဘဝ၌ ဖြစ်သမျှ ရုပ်နာမ်တို့ အကောင်းအမွန်ချည်းသာဖြစ်ရပေမည်။ တစ်ဘဝပြောင်းသော်လည်း စိတ်ကောင်း ရုပ်ကောင်းချည်းဖြစ်ရမည်။ မိမိတို့အတွင်းစိတ်က ယုတ်မာဆိုးရွားနေပါမူ (ရှေးရှေးတုန်းက စိတ်ကောင်းအတွက် ယခုဘဝမှာ ကောင်းလျက်ရှိပါသော်လည်း) နောက်နောင်ဘဝတို့၌ စိတ်ဆိုးရုပ်ဆိုးချည်းသာဖြစ်ရမည်။ ယောနိသောမနသိကာရ၊ သင့်တော်အောင် နှလုံးသွင်းမှုရှိလျှင် အကုသိုလ်စိတ်(မကောင်းစိတ်)မဖြစ်ဘဲ စိတ်ကောင်းချည်းဖြစ်သည်။ ယောနိသောမရှိလျှင် စိတ်ကောင်းဖြစ်လောက်သော အရာရာကိစ္စများ၌ပင် စိတ်မကောင်းဖြစ်နေတတ်၏**

**"မည်သူမဆို မိမိ၏ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကို ကောင်းသည်ထက် ကောင်းအောင် အစဉ်ပြုပြင်နေသင့်သည်။ သေသည်အထိ အမြဲပြုပြင်နေရမည်။"**

အရှင်ဇနကာဘိဝံသ(၁၉၀၀-၁၉၇၇)
အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်

သက်တော် ၅၀၊ ဝါတော် ၃၀၊ ခရစ်နှစ် ၁၉၅၀ ပြည့်နှစ်တွင် ဆရာတော်သည် နိုင်ငံတော်အစိုးရက "အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းမှုအား ခံယူတော်မူပါသည်။ မဟာဂန္ဓာရုံကျောင်းတိုက်ကို စတင်တည်ထောင်တော်မူခဲ့ပြီး ယနေ့ထက်တိုင် သံဃာတော်စာသင်သား ထောင်ပေါင်းများစွာ စာပေသင်ကြားပျိုးထောင်နိုင်အောင် စွမ်းဆောင်နိုင်ခဲ့ပါသည်။ နိုင်ငံတကာပညာရှင်များ၊ လေ့လာသူပုဂ္ဂိုလ်များနှင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ နေ့စဉ်လိုလို ဥဒဟိုလာရောက်လေ့လာကြကာ အံ့သြဝမ်းသာ ချီးကျူးအားကျနေကြသော စာသင်တိုက်ကြီးဖြစ်ပေသည်။

### ကျမ်းကြီး၊ ကျမ်းငယ်ပြုစုတော်မူ

ဆရာတော်က ပြောသလိုလုပ်၍ လုပ်သလိုပြောသည်။ သဒ္ဒါ၊ ဝိနည်း၊ အဘိဓမ္မာ၊ သုတ္တန်ကျမ်းများကို သာသနာ့တာဝန်၊ တိုင်းပြည်တာဝန်ထမ်းဆောင်ကြမည့် ပုဂ္ဂိုလ်များအတွက် မပင်မပန်းချမ်းသာလွယ်ကူစွာ ပေါက်မြောက်ကျွမ်းကျင်ကြစေရန် သင်ရိုးကုန်အောင် ပြုစုတော်မူခဲ့ပါ၏။ တိုင်းပြည်နှင့် သာသနာကို စည်ပင်ပြန့်ပွားအောင် ထမ်းဆောင်နိုင်ကြစေရန် ရတနာ့ဂုဏ်ရည်၊ ကိုယ်ကျင့်အဘိဓမ္မာ၊ အနာဂတ်သာသနာ၊ ဗုဒ္ဓဘာသာသင်ခန်းစာအတွဲများ စသည်ဖြင့် ဘာသာဋီကာ အမျိုးမျိုးသော ကျမ်းကြီး၊ ကျမ်းငယ်အသွယ်သွယ်ကို မပြတ်မလပ် ပြုစုတော်မူခဲ့သည်။

ဆရာတော်ကြီး၏ ကျောင်းတိုက်စာသင်သားဝင်ခွင့် စိစစ်ရွေးချယ်သောအခါ စဉ်းစားဆုံးဖြတ်ရမည့် မူဝါဒ ၁၀ ချက်ဖြင့် နှုတ်မေးစစ်ဆေးကာ ရွေးချယ်လေ့ရှိသည်။ ပထမဦးစားပေးအချက်မှာ "စိတ်ကောင်းရှိဖို့က ပထမ" ဟူ၍ သတ်မှတ်ပါသည်။ "စာတတ်ဖို့က ဒသမ"ဟု မူချခဲ့သည်။

"မိမိတို့အတွင်းစိတ်က အမြဲကောင်းမွန်နေပါမူ နောက်နောင်ဘဝ၌ ဖြစ်သမျှ ရုပ်နာမ်တို့ အကောင်းအမွန်ချည်းသာ ဖြစ်ရပေမည်။ တစ်ဘဝပြောင်းသော်လည်း စိတ်ကောင်းရုပ်ကောင်းချည်း ဖြစ်ရမည်။ မိမိတို့အတွင်းစိတ်က ယုတ်မာဆိုးရွားနေပါမူ (ရှေးရှေးတုန်းက စိတ်ကောင်းအတွက် ယခုဘဝမှာ ကောင်းလျက်ရှိပါသော်လည်း) နောက်နောင်ဘဝတို့၌ စိတ်ဆိုးရုပ်ဆိုးချည်းသာ ဖြစ်ရမည်။ ယောနိသောမနသိကာရ၊ သင့်တော်အောင်နှလုံးသွင်းမှုရှိလျှင် အကုသိုလ်စိတ် (မကောင်းစိတ်) မဖြစ်ဘဲ စိတ်ကောင်းချည်း ဖြစ်သည်။ ယောနိသောမရှိလျှင် စိတ်ကောင်း ဖြစ်လောက်သော အရာရာကိစ္စများ၌ပင် စိတ်မကောင်းဖြစ်နေတတ်၏။

ထို့ကြောင့် များစွာသော ရှင်လူအပေါင်းတို့ စိတ်ကောင်းရဖို့ရာ "ယောနိသော" သာလျှင် အရေးကြီးဆုံးဖြစ်ပေသည်။ ယောနိသောရှိခြင်း၊ မရှိခြင်းတို့၏ အကြောင်းများကား စာကောင်းပေကောင်းကြည့်ရှုခြင်း၊ မကြည့်ရှုခြင်း၊ ပညာရှိထံ နည်းခံခြင်း၊ နည်းမခံခြင်းများတည်း။" ကိုယ်ကျင့်အဘိဓမ္မာစာအုပ်တွင် အချီးနိဒါန်း ဤသို့ရေးတော်မူခဲ့ပေသည်။

ဆရာတော်ဘုရား သက်တော် ၇၇ နှစ်အရွယ် နောက်ဆုံးရေးသားပြုစုတော်မူသော "တစ်ဘဝသံသရာ"စာအုပ်၌ "နေ့ပိုင်းမှာ စာသင်စာချတဲ့ ဂန္ထဓုရ တာဝန်ကို ဆောင်ရဖို့နဲ့ ညဦးဘုရားဝတ်တက်ပြီးချိန်ကစ၍ အိပ်ဖို့တုံးခေါက်ချိန်အထိ ဝိပဿနာ ဓုရတာဝန်ကို ဆောင်ကြဖို့ရန် စီစဉ်ရပါတယ်။"

### အဓိကကျသော ရဟန်းတာဝန်တစ်ရပ်

"စာချဘုန်းကြီးများက ခေါင်းဆောင်ပြီး ဝိပဿနာဘာဝနာအလုပ်ကို အများအားထုတ်အောင် ကြိုးစားကြပါ။"ဟူ၍ အလေးအနက်မှာကြားရေးသားတော်မူခဲ့ကြောင်း ဖတ်ရှုရပါသည်။ ရဟန်းသံဃာသည် ပိဋကတ်သုံးပုံကို သင်ယူခြင်း၊ ဆောင်ခြင်း၊ အံခြင်း၊ ပို့ချခြင်းတို့ဖြင့် တာဝန်ပြီးသည်ဟု မိမိထင်နေခဲ့သည်။ ဓမ္မပဒကျမ်းမှာ "ချစ်သား ရဟန်း၊ ဂန္ထဓုရရှင်း၊ ဝိပဿနာဓုရရှင်း၊ ဤသို့အားဖြင့် ဓုရနှစ်ပါးတို့သာရှိ၏ဟု မိန့်တော်မူသည်။ ထိုပိဋကတ်သုံးပုံကို ဆောင်ခြင်း၊ အံခြင်း၊ ပို့ချခြင်းသည် ဂန္ထဓုရမည်၏"ဟု ဖတ်မိဖူးသည်။ ဝိပဿနာဓုရ သာသနာ့တာဝန်ကို မထမ်းဆောင်သော ရဟန်းများလည်း တွေ့ဖူးခဲ့သည်။ မဟာဂန္ဓာရုံ ဆရာတော်ကြီးက အလေးထားရေးသားပါမှ မြတ်စွာဘုရားသခင် လမ်းညွှန်မှုချ အဓိကကျသော ရဟန်းတာဝန်တစ်ရပ်ပါတကားဟု နားလည်သိမြင်ရပေသည်။

ရဟန်းသံဃာမှန်လျှင် အဓိကတာဝန် (၂) ရပ်ကို ထမ်းဆောင်ရသည်-

၁။ ဂန္ထဓုရ။ ပိဋကတ်ကျမ်းစာသင်ယူခြင်း၊ အံခြင်း၊ ပို့ချခြင်းတာဝန်၊

၂။ ဝိပဿနာဓုရ။ ရဟန်းတို့၏ သာသနာထမ်းဆောင်မှုတာဝန် နှစ်ခု အနက် ဒုတိယတာဝန်။

အင်းဝခေတ် စာဆိုအကျော် ဆရာတော်အရှင်မဟာရဋ္ဌသာရ(အေဒီ ၁၄၆၈-၁၅၃၀)က တပည့်စာသင်သားတို့အား ဆုံးမလမ်းညွှန်ထားသော ကဗျာလေးတွင် စာဖတ်သူလည်း သိပြီးသားပင် ဤသို့ တွေ့ကြရသည်-

" သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာ
အက္ခရာစွဲသုံး၊ ဤ ရှစ်လုံးကို
သီကုံးပန်းသွင်၊ နေ့တိုင်းဆင်လော့၊
စာသင်ပျို့နု၊ အခြေပြုတို့"

သု= သုဏေယျ- ကြားနာဖတ်ရှု
လေ့လာဆည်းပူးမှုပြုခြင်း
စိ= စိန္တေယျ- ကြံစည်ဆင်ခြင်မြော်မြင်
သုံးသပ်တွေးတောခြင်း

အစရှိသဖြင့် အတိုကောက်ထိပ်စည်းပါဋ္ဌိဝါဟာရတို့၏ အနှစ်ချုပ် လုပ်ငန်းတာဝန် ရှစ်မျိုးတို့ကား မြန်မာလို "ကြား၊ ကြံ၊ မေး၊ ဆွေး၊ စူး၊ ရေး၊ လေ့၊ ကျက်" ဟူသော အချက်တို့ပင် မဟုတ်ပေလား။

လေ့လာဖတ်ရှုကြားနာမှုက စတင်ရသည်။ ကြံစည်မေးမြန်း၊ ဆွေးနွေး၊ စူးစမ်း၊ ရေးသားခြင်းသာမက လေ့ကျင့်ခြင်း (အထပ်ထပ်အခါခါ ကျွမ်းကျင်တတ်မြောက်သည်အထိ ကိုယ်တိုင်လေ့ကျင့်လုပ်ဆောင်ရခြင်း) သဘော၊ ကျက်မှတ်ခြင်း သဘောတို့လည်းပါပေ၏။ ဝိပဿနာဓုရ ကိုယ်တိုင်လေ့ကျင့်ခြင်း မရှိသေးမီ ကြားခြင်း၊ ကြံခြင်း၊ မေးခြင်း၊ ဆွေးနွေးခြင်းသဘောများဖြစ်သော ဂန္ထဓုရက ရှေ့မှ ဦးစွာလာရပါတကား။ သဘောပေါက်လာသည်။

### သာသနာသုံးရပ်၏ ရှေ့နောက်အစီအစဉ်

ဤသဘောကို ဆက်၍ဆက်၍ စဉ်းစားဆင်ခြင်ကြည့်လိုက်ရာ သာသနာသုံးရပ်၏ ရှေ့နောက်အစီအစဉ် အဆင့်ဆင့်အပိုင်းလိုက်ရှိပုံကိုလည်း သိမြင်ရသည်။

၁။ ပရိယတ္တိသာသနာ။ မူလပထမအရင်း အမြစ်ကန်ပေါင်(ဘောင်) ပမာလေ့ကျက်သင်ယူမှတ်သား ဆွေးနွေးပို့ချခြင်း၊

၂။ ပဋိပတ္တိသာသနာ။ ကန်မှာတည်နေသော ကန်ရေပမာ ဝိပဿနာ သမာဓိတရား အလေ့အကျင့်ပွားများခြင်း၊

၃။ ပဋိဝေဓသာသနာ။ ရုပ်နာမ်ဓမ္မသင်္ခါရ တရားတို့ကို အမှန်အတိုင်း တိကျစွာ ထွင်းဖောက်သိမြင် ကျင့်သုံးနိုင်ခြင်း (သီလ၊ သမာဓိ၊ ပညာသိက္ခာသုံးပါး ပြည့်စုံခြင်း)

ဥပမာ- ကြာပန်းလန်းစွင့်ပွင့်နေခြင်း၊

၁။ လမ်းကိုလည်း သိမည်၊ သွားပုံလည်း မှန်မည်ဆိုလျှင် ပန်းတိုင်သို့ မည်သူမဆို ဆိုက်ရောက်မည့်သဘော၊

၂။ အပြောနှင့်အလုပ်နှင့် ရှေ့နောက်ညီညွတ်ခြင်းရှိသူသည် စွမ်းဆောင်ပြီးမြောက်မည့် သဘော၊

၃။ အသိနှင့် အကျင့်သည် မှန်ကန်စွာ ဟန်ချက်ညီမည်ဆိုလျှင် လိုအင်ဆန္ဒပြည့်ဝခြင်း သဘော၊ (အသိအားနည်း၊ အကျင့်မကောင်းလျှင်ကား အချည်းနှီးသာ၊ အချိန်ကုန်ရှုံးနိမ့်မှာ)

၄။ လေ့လာမှုနှင့် လေ့ကျင့်ခန်း၊ သဟဇာတဖြစ်ခြင်း၊

၅။ ပို့ချမှုကို ကောင်းစွာနာယူမှတ်သားခြင်းနှင့် ကိုယ်တိုင်လေ့လာ လိုက်နာလေ့ကျင့်သောအခါ တတ်မြောက်ကျွမ်းကျင်ခြင်း ဖြစ်ပေါ်လာပုံ၊

၆။ အတွေးအမြင်ကျယ်ပြန့်ခြင်းနှင့် အတွေ့အကြုံပြည့်စုံခြင်းတို့ ပူးပေါင်းပြည့်စုံပါမှ ခေါင်းဆောင်မှုလည်း အောင်မြင်နိုင်ကြပုံ၊

၇။ ဘဝတက်လမ်းနှင့် သင်တန်းအမျိုးမျိုးတွင် ပြောဆိုလေ့ရှိကြသော Theory (သီအိုရီ) နှင့် Practice (လက်တွေ့လုပ်ဆောင်မှု)ကို ပေါင်းစပ် အကောင်အထည်ဖော်တတ်ရမည့် သဘော၊

၈။ သုတ အကြားအမြင်များရုံသာမက မုတဟူသော ကိုယ်တိုင်ထိတွေ့ နားလည်ပြီး ဖန်တီးနိုင်ခြင်းသဘော၊

၉။ တက္က (Technique) နည်းနာဗေဒနှင့် သီလ(သီလာ)Precepts ကောင်းသော အကျင့် လေ့ကျင့်လိုက်နာကျင့်သုံးခြင်း (ထို့ကြောင့် ယူနီဗာစီတီကို ဆရာကြီး ဦးဖေမောင်တင်က တက္ကသိုလ်ဟု ခေါ်ဝေါ်သတ်မှတ်ဘာသာပြန်ယူခဲ့)

၁၀။ သဘောတရားသည် ဘဝရှေ့ဆောင်မီးရှူးရောင်ဖြစ်၍ လက်တွေ့ဘဝမှာ သဘောတရားအမြင်၏ သင့်လျော်မှန်ကန် အကျိုးရှိခြင်းကို သိမြင်နိုင်သော မှတ်ကျောက်ပင်ဖြစ်ခြင်းသဘော၊ ဖန်တီးဆန်းသစ်ရခြင်းဖြင့် အောင်မြင်တိုးတက်သော သမိုင်းစာမျက်နှာသစ်များကို နေ့စဉ်မပျက် ဆက်လက်ရေးသားနေကြရခြင်းတာဝန်ကို နိုင်ငံသားအားလုံးက ပါဝင်အကောင်အထည်ဖော်နေကြခြင်း ဖြစ်ကြောင်း။

အကျယ်ဖွင့်ဆိုလျှင် စာတစ်အုပ်စာမက ကျယ်ဝန်းလှမည်ဖြစ်သော်လည်း ပညာပြည့်ဝနှလုံးလှသည့် စာဖတ်သူတို့အတွက် အရိပ်ပြလျှင် အကောင်ထင်ကြပါပြီ။ တစ်ထွာပြလျှင် တစ်လံမြင်နိုင်ကြလေပြီ။ အသိလည်းမှန်ကန်ကြလျက် အကျင့်လည်းကောင်းမွန်ကြသော မိမိတို့ပြည်ထောင်စု မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ အနာဂတ်သည် မည်သို့သော အကျပ်အတည်း အခက်အခဲနှင့် ဘေးရန်တို့ကို ရင်ဆိုင်ရစေကာမူ အောင်ပွဲခံယူနိုင်ကြမည်ဟု စာရေးသူက အပြည့်အဝ ယုံကြည်ပါသည်။ အသိမြင့်မား အကျင့်ကောင်းတရားတို့ ပြည့်စုံကြပါစေသော်။ ။

> **" စာချဘုန်းကြီးများက ခေါင်းဆောင်ပြီး ဝိပဿနာဘာဝနာအလုပ်ကို အများအားထုတ်အောင် ကြိုးစားကြပါ။"ဟူ၍ အလေးအနက်မှာကြား ရေးသားတော်မူခဲ့ကြောင်း ဖတ်ရှုရပါသည်။ ရဟန်းသံဃာသည် ပိဋကတ်သုံးပုံကို သင်ယူခြင်း၊ ဆောင်ခြင်း၊ အံခြင်း၊ ပို့ချခြင်းတို့ဖြင့် တာဝန်ပြီးသည်ဟု မိမိထင်နေခဲ့သည်။ ဓမ္မပဒကျမ်းမှာ "ချစ်သားရဟန်း၊ ဂန္ထဓုရရှင်း၊ ဝိပဿနာဓုရရှင်း၊ ဤသို့အားဖြင့် ဓုရနှစ်ပါးတို့သာရှိ၏ဟု မိန့်တော်မူသည်။ ထိုပိဋကတ်သုံးပုံကို ဆောင်ခြင်း၊ အံခြင်း၊ ပို့ချခြင်းသည် ဂန္ထဓုရမည်၏"ဟု ဖတ်မိဖူးသည်။ ဝိပဿနာဓုရ သာသနာ့တာဝန်ကို မထမ်းဆောင်သောရဟန်းများလည်း တွေ့ဖူးခဲ့သည်။ မဟာဂန္ဓာရုံ ဆရာတော်ကြီးက အလေးထားရေးသားပါမှ မြတ်စွာဘုရားသခင် လမ်းညွှန်မှုချအဓိက ကျသော ရဟန်းတာဝန်တစ်ရပ်ပါတကားဟု နားလည်သိမြင်ရပေသည်**

# စားနပ်ရိက္ခာ ဖူလုံရုံသာမက လယ်ယာကုန်ထုတ်လုပ်မှုဖြင့် လူနေမှုအဆင့်အတန်းမြင့်မားရေး မူဝါဒများချမှတ်ဆောင်ရွက်

**မကွေး ဩဂုတ် ၃၁**

မကွေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၂၂)ကို ဩဂုတ် ၃၀ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဝင်များ တက်ရောက်ကြသည်။




ဦးစွာ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်၊ လယ်ယာကဏ္ဍကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ လက်ရှိအခြေအနေတွင် စားနပ်ရိက္ခာဖူလုံရုံသာမက လယ်ယာကုန်ထုတ်လုပ်မှုဖြင့် လူနေမှုအဆင့်အတန်းမြင့်မားရေး ဆောင်ရွက်ရန် ရည်ရွယ်၍ လယ်ယာစိုက်ပျိုးမြေများ လျော့ပါးမှု မရှိစေရေး မူဝါဒများ တိတိကျကျ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ "တိုးချဲ့မြို့ပြစီမံကိန်းများ ဆောက်လုပ်ရန်အတွက် မြေပြန့်နေရာများနှင့် စိုက်ပျိုးမြေများအား ခွင့်မပြုရေး မူဝါဒတစ်ရပ်ချမှတ်ဆောင်ရွက်သွားရန်၊ ဝန်ထမ်းအိမ်ရာများ၊ စီးပွားရေးအထူးဇုန်များ၊ စက်မှုဇုန်များကို စိုက်ပျိုးမြေများတွင် ဆောင်ရွက်ခြင်းမရှိအောင် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် စိုက်ပျိုးမြေများအား အခြားနည်းလမ်းများဖြင့် အသုံးမပြုနိုင်စေရေး " ကြပ်မတ်ဆောင်ရွက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ညွှန်ကြားထားရှိပြီးဖြစ်သဖြင့် ညွှန်ကြားချက်များနှင့်အညီ ဖြစ်စေရေး၊ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ဖြစ်စေရေးအတွက် ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်ပေးရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။(ဝဲပုံ)

ဆက်လက်၍ တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးက လယ်ယာမြေအခြားနည်း အသုံးပြုခွင့်လျှောက်ထားသည့် အမှုတွဲ ၄၀ နှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ပျက်စီး/ပျောက်ဆုံးသဖြင့် ဒုတိယမူရင်း (သို့မဟုတ်)မိတ္တူမှန် ထုတ်ပေးပါရန် လျှောက်ထားသည့်အမှုတွဲ(၃)တွဲတို့အား သဘောထားမှတ်ချက်ပေးနိုင်ရန် ဆွေးနွေးတင်ပြခဲ့ပြီး တိုင်းဒေသကြီး လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့၏ တင်ပြဆောင်ရွက်ခဲ့မှုအပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့က စိစစ်၍ ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မောင်ညီညာ**

# ပဲခူးမြို့နယ်အတွင်းရှိ သဘာဝမြေဩဇာစက်ရုံ သုံးရုံမှ သဘာဝမြေဩဇာများ ဖြန့်ဖြူးရောင်းချပေးလျက်ရှိ

**ပဲခူး ဩဂုတ် ၃၁**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မွေးမြူရေးခြံများမှ ထွက်ရှိသော ကြက်ချေးဖြင့် သဘာဝမြေဩဇာ ထုတ်လုပ်နေသော ပဲခူးမြို့နယ် ကမာနတ်ကျေးရွာအုပ်စုရှိ Myanmar Agro Eagle Co., Ltd၊ ထန်းပင်ချောင်ကျေးရွာအုပ်စုရှိ CPP Myat Min Agro Co., Ltd နှင့် အင်းတကော်မြို့ရှိ Royal Green Smart Co., Ltd တို့မှ အော်ဂဲနစ်မြေဩဇာ ထုတ်လုပ်သည့် စက်ရုံများသို့ ကြည့်ရှုစစ်ဆေးရာ စက်ရုံတာဝန်ခံများက အော်ဂဲနစ်မြေဩဇာထုတ်လုပ်မှုအဆင့်ဆင့်၊ ပါဝင်ပစ္စည်းများနှင့် ဖြန့်ဖြူးရောင်းချနေမှုများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး အော်ဂဲနစ်မြေဩဇာ ထုတ်လုပ်နေမှုများကိုကြည့်ရှုစစ်ဆေးသည်။

ပဲခူးမြို့နယ်အတွင်း သဘာဝမြေဩဇာစက်ရုံ သုံးရုံရှိပြီး တစ်ရက်လျှင် တန် ၉၀ ကျော်ထွက်ရှိကာ ပါဝင်ပစ္စည်းအပေါ်မူတည်၍ မြေဩဇာတစ်အိတ်လျှင် အများဆုံး ငွေကျပ်ခြောက်သောင်းမှ အနည်းဆုံး ငွေကျပ်နှစ်သောင်းဖြစ်ကြောင်း၊ ရန်ကုန်၊ ပဲခူး၊ ဧရာဝတီနှင့် မန္တလေးတိုင်းဒေသကြီးများအပါအဝင် နိုင်ငံတစ်ဝန်းသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဩဂုတ် ၃၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါ အခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများ အတွင်းရှိ ပြည်သူများ၊ အသက် ၅ နှစ်မှ ၁၂ နှစ်အထက် အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများ စသည့် ဦးတည်အုပ်စုများ သတ်မှတ်၍တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၅၃၃၀၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၃၁၇ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၈၂၂၆ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။



ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၂၂၈ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ ကျောင်းသားကျောင်းသူ ၁၁၄၂ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ကျောင်းသားကျောင်းသူ ၂၉၉၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တတိယအကြိမ်မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၃၁**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)နှင့် ဗဟိုလေ့ကျင့်ရေးကျောင်း(ရန်ကုန်)တို့ ပူးပေါင်း၍ ၂၀၂၂ ခုနှစ် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ကျောင်းအုပ်ကြီးများ၊ ဒုတိယကျောင်းအုပ်ကြီးများ၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ ဌာနမှူးများ ၊ ဆရာ ဆရာမများ ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများတက်ရောက်ကြပြီး သတ်မှတ်နေရာအသီးသီးတွင် ပျိုးပင်များကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ယိုးဒယားပိန္နဲပင် ၄၂ ပင်၊ ကံ့ကော်ပင် ၁၃ ပင်၊ စင်ကာပူချယ်ရီပင် ၄၅ ပင်၊ ခရေပင် ၅၀ စုစုပေါင်း ပျိုးပင် ၁၅၀ တို့ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **သျှားထက်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၃၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားနည်းနေမည်။ **မိုး/ဇလ**

# ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် UNOCHA အဖွဲ့အစည်းတို့အကြား သဘောတူညီမှုစာလွှာ လက်မှတ်ရေးထိုး

**နေပြည်တော် ဩဂုတ် ၃၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် United Nations Office for the Coordination of Humanitarian Affairs (UNOCHA) တို့အကြား သဘောတူညီမှုစာလွှာ (Letter of Agreement – LoA) လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ UNOCHA မှ ဌာနေရုံးအကြီးအကဲ Mr. David Carden နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ချိတ်ဆက်ဆောင်ရွက်**

လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က UNOCHA နှင့် သဘောတူညီမှုစာလွှာရေးထိုးခြင်းဖြင့် အစိုးရက ဦးဆောင်သော ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများ ပိုမိုအားကောင်းစေရန် အားဖြည့်ဆောင်ရွက်ပေးခြင်း၊ အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ၊ သဘာဝဘေး အရေးပေါ်တုံ့ပြန်မှုအတွက် တပ်မတော်နှင့် ဝန်ကြီးဌာနများအကြား စွမ်းဆောင်ရည် မြှင့်တင်ခြင်းလုပ်ငန်းများ၊ နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပေးခြင်း၊ ကြိုတင်ပြင်ဆင်ရေးနှင့် သတင်းအချက်အလက် စီမံခန့်ခွဲခြင်းလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားနိုင်မည် ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းများကို နိုင်ငံတော်အဆင့်မှသည် တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့်အထိ ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီများဖွဲ့၍ ခိုင်မာစွာ အားထုတ်ကြိုးပမ်း ဆောင်ရွက်လျက် ရှိကြောင်း၊ အားလုံး အကျုံးဝင်ပါဝင်စေရေး ဟူသော (All–Inclusive) ကို အလေးထား၍ ပြည်သူ့အကျိုးကို ရှေးရှုပြီး ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများ၊ လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများနှင့် လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများကို လူမျိုး၊ ဘာသာမခွဲခြားဘဲ ဆောင်ရွက်လျက် ရှိပါကြောင်း၊ ပြည်သူများ၏ ရေရှည်အကျိုးအတွက် ဆောင်ရွက်ရန် ဆန္ဒရှိသည့် မိတ်ဖက်အဖွဲ့အစည်းများ အနေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများကို နိုင်ငံတော်၏ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ ဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။




ထို့နောက် UNOCHA (Myanmar)၏ ဌာနေရုံးအကြီးအကဲ Mr. David Carden က သဘောတူညီမှု စာလွှာအရ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများ၊ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုနှင့် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**လက်မှတ်ရေးထိုး**

ယင်းနောက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ကိုကိုနိုင်နှင့် UNOCHA (Myanmar)ဌာနေရုံးအကြီးအကဲ Mr. David Carden တို့က သဘောတူညီမှုစာလွှာကို လက်မှတ်ရေးထိုးကြပြီး **(အပေါ်ပုံ)** အပြန်အလှန် လဲလှယ်ကြသည်။

အဆိုပါ သဘောတူညီစာလွှာ (LoA) သက်တမ်းကာလအတွင်း UNOCHA သည် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပူးပေါင်း၍ ဘေအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများ၊ အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းများ၊ စွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် နည်းပညာဆိုင်ရာ ပံ့ပိုးကူညီပေးခြင်းလုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)အချက်အလက်များ Software Program သို့ ထည့်သွင်းခြင်းလုပ်ငန်း အချိန်မီပြီးစီးရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၃၁**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်း လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများကျင်းပရာတွင် မဲဆန္ဒရှင်စာရင်းများ တိကျမှန်ကန်စေရေးအတွက် မြို့နယ်အတွင်းရှိ အိမ်ထောင်စု လူဦးရေစာရင်း ပုံစံ(၆၆/၆)အချက်အလက်များကို e–ID စနစ်ဖြင့် Software Program သို့ ထည့်သွင်းခြင်းလုပ်ငန်းကို သတ်မှတ်ကာလအတွင်း အချိန်မီဆောင်ရွက် ပြီးစီးရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါလုပ်ငန်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာများ ပူးပေါင်းကာ ဇူလိုင် ၁၈ ရက်မှ စတင်ပြီး ဖြည့်သွင်းဆောင်ရွက်ခဲ့ရာ ယနေ့အထိ စာရင်းဖြည့်သွင်းပြီး အိမ်ထောင်စုပေါင်း ၅၇၅၅၆ စု ၆၅ ဒသမ ၃၉ ရာခိုင်နှုန်း ဖြည့်သွင်းဆောင်ရွက် ပြီးစီးပြီဖြစ်ကာ တစ်မြို့လုံး စာရင်းဖြည့်သွင်းရမည့် အိမ်ထောင်စုပေါင်း ၈၇၇၁၆ စု ရှိပြီး စက်တင်ဘာ ၁၈ ရက်အထိ ရာနှုန်းပြည့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

စုစုပေါင်းရိုက်ချက် ၁၇၁ ချက်ဖြင့် ပထမဆုရရှိသော ထူးမြတ်အောင် (မြိတ်) တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ Junior Golf Myanmar မှ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကိုဇော်က အသက် ၁၄ အောက် သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၆၀ ဖြင့် တတိယဆုရရှိသော ကောင်းထက် (ရန်ကုန်)၊ စုစုပေါင်းရိုက်ချက် ၁၆၀ ဖြင့် ဒုတိယဆုရရှိသော အောင်ဟိန်းဇော် (စစ်တွေ)၊ စုစုပေါင်းရိုက်ချက် ၁၅၉ ချက်ဖြင့် ပထမဆုရရှိသော ပြည့်စုံအောင် (ပြင်ဦးလွင်) တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။ ယင်းနောက် Junior Golf Myanmar မှ အဖွဲ့ဝင်ဒေါ်မြင့်မြင့်သန်းက အမျိုးသမီး ၁၈ နှစ်အောက်သက်တန်းတွင် စုစုပေါင်းရိုက်ချက် ၁၈၄ ချက်ဖြင့် တတိယဆုရရှိသော အေးစုအောင် (ရန်ကုန်)၊ စုစုပေါင်းရိုက်ချက် ၁၈၂ ချက်ဖြင့် ဒုတိယဆုရရှိသော စုနှင်းဖြူ (ရန်ကုန်)၊ စုစုပေါင်းရိုက်ချက် ၁၅၈ ချက်ဖြင့် ပထမဆုရရှိသော မိုးပြည့်စုံခင် (ရန်ကုန်) တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူးဦးအောင်မြင့်ဦးက အသက် ၁၈ နှစ်အောက်သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၇၂ ချက်ဖြင့် တတိယဆုရရှိသော ဟိန်းနိုင်ဇင် (ရန်ကုန်)၊ စုစုပေါင်းရိုက်ချက် ၁၆၂ ချက်ဖြင့် ဒုတိယဆုရရှိသော ကောင်းပြည့်ဖြိုးကျော်(တောင်ငူ)၊ စုစုပေါင်းရိုက်ချက် ၁၆၁ ချက်ဖြင့် ပထမဆုရရှိသော အောင်မင်းသန့် (မော်လမြိုင်) တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေ ဥက္ကဋ္ဌ ဦးကိုကိုအေးက Professional အဆင့် ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၁၄၁ ချက်ဖြင့် ပထမဆုရရှိသော ကျော်သက်ဦးကို ဆုပေးအပ်ချီးမြှင့်သည်။ ယခုပြိုင်ပွဲတွင် တောင်ငူ၊ မကွေး၊ ပြင်ဦးလွင်၊ မြိတ်၊ ထားဝယ်၊ ရွှေဘို၊ စစ်တွေနှင့် မန္တလေး အစရှိသော တိုင်းဒေသကြီး/ပြည်နယ်များမှ မျိုးဆက်သစ်လူငယ် ဂေါက်ရိုက်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

**ကိုညီလေး၊ဓာတ်ပုံ–MGF**



# ဒေသတွင်းစိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၃၁**

ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံလေတပ်စခန်းဌာနချုပ်၌ စိုက်ပျိုးရေးဆောင်ရွက်ထားရှိမှု၊ ဥစားကြက်နှင့် အသားတိုးကြက်မွေးမြူထားရှိမှု၊ ဘဲမွေးမြူထားရှိမှု၊ DYL ဝက်၊ နို့စားနွားနှင့် အသားတိုးနွားမွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်(၄)မျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၃၁**

တပ်မတော်(ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများ၊ ဘာသာရေးကျောင်းများနှင့် ဘိုးဘွားရိပ်သာများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ကြံခင်းစုရပ်ကွက်ရှိ ပဋ္ဌာနတာရာမကျောင်းတိုက်၊ ဒိုက်ဦးကျောင်းတိုက်၊ ပွင့်ဦးကျောင်းတိုက်၊ ဘဝမ်းကျောင်းတိုက်နှင့် ပညာတံခွန်ကျောင်းတိုက်၊ မှော်ဘီမြို့နယ် မြိုင်သာယာကျေးရွာရှိသာသနာ့ဗိမာန်ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ကုန်းသာကျောင်းတိုက်၊ ဟင်္သာတမြို့ရှိ မြသိင်္ဂီစာသင်တိုက်၊ မင်္ဂလာရာမသီလရှင် စာသင်တိုက်၊ ရတနာမွန်သီလရှင်စာသင်တိုက်၊ အပြင်ပတ္တမြားသီလရှင်စာသင်တိုက်နှင့် ရေတံခွန်သီလရှင် စာသင်တိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ သာစည်ရပ်ကွက်ရှိ သာသနာ့ဓမ္မသုခကျောင်းတိုက်နှင့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ခြေရှိ ချမ်းမြရံသီပရိယတ္တိ စာသင်တိုက်၊ ပျော်ဘွယ်မြို့နယ် ရန်အောင်ကျေးရွာရှိဇေယျတောင်တောရဘုန်းတော်ကြီးကျောင်း၊ မိတ္ထီလာမြို့နယ် မြှာကျေးရွာအုပ်စုရဝေကျေးရွာရှိတပ်ဦးတောရဘုန်းတော်ကြီးကျောင်း၊ ကျောင်းရွာတောရ ဘုန်းတော်ကြီးကျောင်း၊ သာစည်မြို့နယ် ယင်းမာပင်ကျေးရွာရှိ လုမ္ဗိနီသစ်တစ်ပင်တောင်ပေါ်ကျောင်းတို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်(၄)မျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**



## စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ အမယ်လေးမျိုးနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်

နေပြည်တော်၊ ဩဂုတ် – ၃၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းက ကွန်ဟိန်းမြို့ရှိ နယ်မြေခံတပ်နယ်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စားသောက်ရေး အဆင်ပြေစေရန်အတွက် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေး

**နေပြည်တော် ဩဂုတ် ၃၁**

ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားသောက်ရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ် နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံ တပ်မတော်သားများက တန်ဖိုးသင့် ထမင်းဟင်းများ၊ ဟင်းသီး ဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် အသား၊ ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ တပ်မတော်သားများက တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွပ်ဘူးများ စသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## မြောင်းမြမြို့ ဒိုဘီကုန်းဈေးလမ်း ကွန်ကရစ်ခင်းခြင်းနှင့် ဆိုင်ခန်းများ နေရာချထားနိုင်ရေးအတွက် ကြည့်ရှုစစ်ဆေး

**မြောင်းမြ ဩဂုတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့ မြကန်သာရပ်ကွက် ဒိုဘီကုန်းဈေးလမ်း ကွန်ကရစ်ခင်းခြင်းနှင့် ဈေးသည်များအတွက် ဆိုင်ခန်းများ အတည်တကျ ဆောက်လုပ်နေရာချထားပေးရေးအတွက် တာဝန်ရှိသူများနှင့် ဈေးသူဈေးသားများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက အ-ထ-က(၄) ကျောင်း၊ မနော်ဟယ်ရီခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြောင်းမြခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဌေးက ကွန်ကရစ် လမ်းခင်းခြင်းနှင့် ဈေးသူဈေးသားများကို ဆိုင်ခန်းများအတည်တကျ နေရာပြန်လည်ချထားရေးအတွက် ရှင်းလင်းအမှာစကား ပြောကြားသည်။ ဆက်လက်ပြီး ဈေးဆိုင်ခန်းများ နေရာချထားရေး ကိစ္စနှင့်ပတ်သက်၍ ဒိုဘီကုန်းဈေးကော်မတီမှ တာဝန်ရှိသူများက ဆွေးနွေးရှင်းလင်းသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဒိုဘီကုန်းဈေးလမ်း ကွန်ကရစ်ခင်းနေခြင်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ဒိုဘီကုန်းဈေးလမ်း ကွန်ကရစ်ခင်းခြင်းနှင့် ဆိုင်ခန်းများ ဆောက်လုပ်ခြင်းကို သော်ဇင်သန့်ကုမ္ပဏီက တာဝန်ယူဆောက်လုပ်မည်ဖြစ်ပြီး ခြောက်ပေပတ်လည် ဈေးဆိုင်တစ်ခန်းကို ငွေကျပ် ၃၆၅၀၀၀ ဖြင့် ကုမ္ပဏီနှင့် ဈေးသူဈေးသားများ အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းဈေးသဘောတူညီမှုရခဲ့ပြီး၊ ဆိုင်ခန်းပေါင်း ၁၂၀ ခန့် ဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။

ဒိုဘီကုန်း ဈေးလမ်းသည် အရှည်ပေ ၁၁၂၀ ရှိ၍ စည်ပင်သာယာရေးကော်မတီမှ ပေ ၉၈၀ ခင်းပေးပြီး ဈေးသူ ဈေးသားများက စုပေါင်းကာ ပေ ၁၄၀ ခင်းမည်ဖြစ်ကြောင်း သိရသည်။

**မြောင်းမြခရိုင်(ပြန်/ဆက်)**

# မြိတ်ကျွန်းစုအတွင်း ဒေသခံများပူးပေါင်းစီမံခန့်ခွဲသော အဏ္ဏဝါရေပြင်နယ်မြေ (Locally Managed Marine Areas – LMMA)

**မောင်မော် (သတ္တဗေဒ)**

**မြန်မာနိုင်ငံတောင်ပိုင်း တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုတွင် ကျွန်းပေါင်း ၈၀၀ ကျော်ရှိပြီး အမျိုးအစားစုံလင်သော ပင်လယ်မြက်၊ သန္တာကျောက်တန်း၊ ဒီရေတောများ ရှင်သန်ပေါက်ရောက်လျက်ရှိပြီး ဇီဝမျိုးစုံမျိုးကွဲများစွာ ကျက်စားမှီတင်းနေထိုင် ကျက်စားလျက်ရှိပါသည်။ မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်များတွင် မြန်မာနိုင်ငံအနေဖြင့် ဝေးလံသောကျွန်းများသို့ သွားရောက်၍ ငါးနှင့်အခြားသောသက်ရှိ သက်မဲ့သယံဇာတများ ထိန်းသိမ်းနိုင်ရေးအတွက် စစ်ဆေးကြီးကြပ်ရန် လိုအပ်ချက်များရှိနေသေးသည့်အတွက်ကြောင့် တန်ဖိုးရှိသော ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရန် ခြိမ်းခြောက်မှုများရှိနေပြီး လုပကောင်းမွန်သော ကမ်းခြေဒေသများတွင် နေထိုင်သော ဒေသခံပြည်သူများအနေဖြင့်လည်း ငါးသယံဇာတ လျော့နည်းပြုန်းတီးစေမည့် အခက်အခဲများ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။**


ရာသီဥတု ပြောင်းလဲခြင်း၊ ငါးအလွန်အကျွံဖမ်းဆီးခြင်း၊ နိုင်ငံတော်မှ သယံဇာတများကို ထိခိုက်စေနိုင်သည့် တရားမဝင် ငါးဖမ်းနည်းများ၊ တားမြစ်ငါးဖမ်းကိရိယာများ သဘာဝပတ်ဝန်းကျင် ထိခိုက်စေမည့် နည်းလမ်းများကို အသုံးပြု၍ ဖမ်းဆီးခြင်း၊ ဒေသခံများအနေဖြင့် ငါးဖမ်းသင်္ဘောများ၊ ငါးဖမ်းစက်လှေကြီးများနှင့် ယှဉ်ပြိုင်ငါးဖမ်းဆီးနေရခြင်း အစရှိသည့် အခြေအနေများကြောင့် ငါးသယံဇာတကျဆင်းရသလို ဒေသခံရေလုပ်သားများ၏ အသက်မွေးဝမ်းကျောင်းနှင့် လူမှုစီးပွားဘဝသည်လည်း ကျဆင်းနေကြရခြင်းဖြစ်ပါတယ်။ မြိတ်ကျွန်းစုဒေသရှိ အနာဂတ်မျိုးဆက်သစ်များ ရေရှည်တည်တံ့သော ဇီဝမျိုးစုံမျိုးကွဲနှင့် ငါးသယံဇာတ ထုတ်ယူသုံးစွဲနိုင်ရေး၊ အဏ္ဏဝါသယံဇာတများကို ထိရောက်စွာထိန်းသိမ်းနိုင်ရေး ထိရောက်စွာ အမြန်ဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်ပါတယ်။

**ဂေဟစနစ်ရေရှည်တည်တံ့စေရန်**

စာရေးသူအနေဖြင့် ငါးလုပ်ငန်းဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က အဆိုပါ ဒေသများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့တဲ့ အတွေ့အကြုံနှင့် မှတ်တမ်းများအရ ငါးလုပ်ငန်းဦးစီးဌာနနှင့် Funna and Flora International (FFI) အဖွဲ့အစည်းတို့ ပူးပေါင်းပြီး ကမ်းနီးရေတိမ်ဒေသ အဏ္ဏဝါရေပြင်ရဲ့ ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ ဒေသခံရေလုပ်သားတို့၏ အသက်မွေးဝမ်းကျောင်းနှင့် ယဉ်ကျေးမှုကို မြှင့်တင်ပေးပြီး ရိုးရာဓလေ့ ရေရှည်တည်တံ့စေရန်၊ ဒေသတွင်း အဏ္ဏဝါသယံဇာတများနှင့် ငါးလုပ်ငန်းများကို စီမံခန့်ခွဲဆောင်ရွက်လျက်ရှိသည့် ငါးလုပ်ငန်းဦးစီးဌာနကို အကူအညီပေးနိုင်ရေးအတွက် ရည်ရွယ်ပြီး သဘောတူလက်မှတ်ရေးထိုး၍ သန္တာကျောက်တန်းများ၊ ပင်လယ်မြက်ခင်းများနှင့် ငါးသယံဇာတတည်ရှိမှုကို ပျံ့နှံ့တည်ရှိမှုကို သုတေသနပြုဆောင်ရွက်ခြင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားရေး စစ်တမ်းများ ကောက်ယူခြင်း၊ ဒီရေတောတည်ရှိမှု အခြေအနေ အကဲဖြတ်ဆန်းစစ်ခြင်း လုပ်ငန်းများကို အစဉ်တစိုက် ကွင်းဆင်းဆောင်ရွက်ခဲ့ကြပါတယ်။

ကွင်းဆင်းရလဒ်များအရ မြိတ်ကျွန်းစု၊ သရောသတန်ကြီးကျေးရွာမှ ဇာဒက်ကြီးကျေးရွာအထိ ရေငုပ်သင်တန်းများ ပို့ချပေးပြီး ရေသယံဇာတများကို လေ့လာခဲ့ကြရာ သန္တာကျောက်တန်းများစွာသည် ဗုံးခွဲငါးဖမ်းခြင်းနှင့် တရွတ်ဆွဲငါးဖမ်းဆီးခြင်းများကြောင့်သော်လည်းကောင်း၊ ရာသီဥတုဒဏ်ကြောင့်သော်လည်းကောင်း၊ လူတို့၏အသက်မွေးဝမ်းကျောင်းအတွက် ရေငုပ်ငါးဖမ်းဆီးခြင်းများကြောင့်သော်လည်းကောင်း၊ သန္တာကျောက်တန်းများတည်ရှိရာ နေရာများအတွင်း သား/ငါး ရှာဖွေမိကြသဖြင့် သန္တာကျောက်တန်းများ ကျိုးကျေပျက်စီးရသဖြင့် ငါးများ မှီခိုကျက်စားရာနေရာများ ပျက်စီးရခြင်းဖြစ်ပါတယ်။ သန္တာကျောက်တန်းများသည် ငါးများသားပေါက်ဥချရန် အလွန်အရေးပါသဖြင့် ယခုလိုသုတေသနများ ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။ ဒေသခံများအနေဖြင့်လည်း ဒေသတွင်း ငါးသယံဇာတ လျော့နည်းနေသည်ကို သိရှိနားလည်သဖြင့် ပူးပေါင်းပါဝင်ထိန်းသိမ်းလိုသည့် အသိစိတ်ရှိဖို့လည်း အလွန်အရေးကြီးလှပါတယ်။

LMMA အကောင်အထည်ဖော်ဆောင်ရွက်သည့်နေရာများ




**သန္တာကျောက်တန်း လေ့လာရေးသင်တန်းများ**

မြန်မာနိုင်ငံ၏ ငါးသယံဇာတလျော့နည်းလာမှုကို ဒေသခံများလည်းသိရှိပြီး ထိန်းသိမ်းလိုသည့်ဆန္ဒရှိကြသည့်အတွက် ယခုလို ဒေသခံများကိုယ်တိုင် ပူးပေါင်းစီမံခန့်ခွဲသော အဏ္ဏဝါရေပြင်ဧရိယာ (Locally Managed Marine Areas – LMMA) ပေါ်ပေါက်လာစေရန် ကမ်းရိုးတန်းရေပြင်များရှိ သန္တာကျောက်တန်းလေ့လာရေး သင်တန်းများ ပို့ချခြင်း၊ လူမှုစီးပွားရေး စစ်တမ်းများ ကောက်ယူခြင်း၊ Workshop on Marine Protected Area Management in Myanmar ကျင်းပခြင်း၊ ကျွန်းများရှိဒေသခံများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဒေသခံများ ကြုံတွေ့နေရသော အခက်အခဲများကို ဖော်ထုတ်ခြင်း၊ ဒေသခံများ ပူးပေါင်းထိန်းသိမ်းသင့်သည့် အဓိကအရေးပါသော နေရာများရွေးချယ်ခြင်း၊ ငါးလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက် ဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းများကို ဒေသခံများနှင့်အတူ ငါးလုပ်ငန်းဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာတာဝန် ရှိသူများ၊ ဆက်စပ်အဖွဲ့အစည်းများ၊ မြိတ်တက္ကသိုလ်၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ဒေသခံများနှင့် တွေ့ဆုံဆွေးနွေး ညှိနှိုင်းခြင်းများကို အကြိမ်ကြိမ် ဆောင်ရွက်ခဲ့ကြရပါတယ်။

LMMA ဆိုသည်မှာ ကမ်းနီးရေပြင်များနှင့် ကမ်းရိုးတန်းသယံဇာတများ၏ အနီးဝန်းကျင် (သို့မဟုတ်) နေရာတွင် နေထိုင်သူ ကမ်းရိုးတန်းဒေသနေပြည်သူများ၊ မြေပိုင်ဆိုင်သောအဖွဲ့များ ပူးတွဲလုပ်ဆောင်နေသော အဖွဲ့အစည်းများ (သို့မဟုတ်) ပူးပေါင်းပံ့ပိုးနေသော ဌာနဆိုင်ရာများက နေရာအားလုံး (သို့မဟုတ်) နေရာအတော်များများကို ဒေသအဆင့်တွင် စီမံခန့်ခွဲနေသော နေရာအားလုံးကို ဆိုလိုသည်။ LMMA သတ်မှတ်လိုသည့် ကျေးရွာရေိယာ သုံးခုကို အကြိမ်ကြိမ်သုတေသနပြု တွေ့ဆုံဆွေးနွေးညှိနှိုင်းပြီးနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသခံများ၏ အတည်ပြုချက်နှင့် သဘောထား မှတ်ချက်များရယူပြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ရေမြစ်ကြီးကျေးရွာအုပ်စု ဒုံးပုလဲအော်ကျေးရွာ (၄၆၃၇ ကေရှီ ရေပြင်)၊ လင်းလွန်းကျေးရွာ (၈၉၀၇ ကေရှီ ရေပြင်) နှင့် ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် အလယ်မာန်ကျေးရွာအုပ်စု လငန်းကျေးရွာ (၁၁၀၉၉ ကေရှီ ရေပြင်) များကို ဒေသခံများနှင့် ပူးပေါင်းစီမံခန့်ခွဲသော အဏ္ဏဝါရေပြင်ဧရိယာများအဖြစ် နိုင်ငံအဆင့် သတ်မှတ်လိုက်ခြင်းဖြစ်ပါတယ်။ ယခုကဲ့သို့ ဆောင်ရွက်ရခြင်းမှာလည်း ဒေသတွင်းနိုင်ငံများနည်းတူ နိုင်ငံတကာကတိကဝတ်များကို လိုက်နာဆောင်ရွက်သည့်အပြင် မြန်မာနိုင်ငံမှ ချမှတ်ထားသော နိုင်ငံဇီဝ မျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်များအနက် အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းစဉ်များထဲမှ တစ်ခုဖြစ်ပါတယ်။

**ငါးမဖမ်းရနေရာများ သတ်မှတ်**

ဒေသခံများသည် LMMA သတ်မှတ်ရေပြင်ဧရိယာများတွင် ငါးဖမ်းဆီးခွင့်ပြုသော နေရာ၊ ငါးဖမ်းကိရိယာ အမျိုးအစား၊ အရေအတွက်၊ ပိုက်ကွက်အရွယ်အစားများ၊ တားမြစ်ငါးဖမ်းနည်းများနှင့် ငါးအမျိုးအစားအလိုက် ကန့်သတ်ထားသော စည်းကမ်းချက်များ သတ်မှတ်ခြင်းနှင့် ရာသီအလိုက် ငါးမဖမ်းရနေရာများ သတ်မှတ်ခြင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ အကြံပြုသတ်မှတ်ချက်များနှင့်အညီ ရေပြင်ဧရိယာ ထိန်းသိမ်းရေး ကော်မတီ အကြံပေးအဖွဲ့ ဖွဲ့စည်းပြီး ရေပြင်ဧရိယာကို ပူးပေါင်းထိန်းသိမ်းကာကွယ်ခြင်းဖြင့် ရေသယံဇာတ ရေရှည်တည်တံ့စေရေး ထိရောက်စေရန် ဆောင်ရွက်စေခြင်း ဖြစ်ပါတယ်။

**"LMMA သတ်မှတ်လိုသည့် ကျေးရွာရေိယာ သုံးခုကို အကြိမ်ကြိမ်သုတေသနပြု တွေ့ဆုံဆွေးနွေးညှိနှိုင်းပြီးနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသခံများ၏ အတည်ပြုချက်နှင့် သဘောထားမှတ်ချက်များ ရယူပြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ရေမြစ်ကြီးကျေးရွာအုပ်စု ဒုံးပုလဲအော်ကျေးရွာ (၄၆၃၇ ကေရှီ ရေပြင်)၊ လင်းလွန်းကျေးရွာ (၈၉၀၇ ကေရှီ ရေပြင်) နှင့် ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် အလယ်မာန်ကျေးရွာအုပ်စု လငန်းကျေးရွာ (၁၁၀၉၉ ကေရှီ ရေပြင်) များကို ဒေသခံများနှင့် ပူးပေါင်းစီမံခန့်ခွဲသော အဏ္ဏဝါရေပြင်ဧရိယာများအဖြစ် နိုင်ငံအဆင့် သတ်မှတ်လိုက်ခြင်းဖြစ်"**

*စာမျက်နှာ ၁၁ သို့*

## ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ပထမ (၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး၊ ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်ပါသည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ကိုးရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း) နှင့် ကယားပြည်နယ် တို့တွင် လေးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့နှင့် အောင်လံမြို့တို့တွင် နှစ်ပေမှ လေးပေခန့်၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် နှစ်ပေမှ လေးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် နှစ်ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ နှစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် နှစ်ပေမှ သုံးပေခန့်၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့နှင့် ဘားအံမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် လေးပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ လေးမြို့ မြစ်ရေသည် မြောက်ဦးမြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

မိုး/ဇလ

## စဥ့်ကူးမြို့နယ် ကျွန်းဦးကျေးရွာ၌ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျမှု ဖြစ်ပွားသဖြင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**စဥ့်ကူး ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့နယ် ဆင်သေကျေးရွာအုပ်စု ကျွန်းဦးကျေးရွာတွင် ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျမှုများ ဖြစ်ပွားနေသဖြင့် ကမ်းပါးပြိုကျမှု ကာကွယ်ရေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်လျက်ရှိသည်။

ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျမှုများမှာ နှစ်စဉ်ဖြစ်ပွားလျက်ရှိရာ အဆိုပါ မြစ်ကမ်းပါးပြိုကျမှုများကို ကာကွယ်နိုင်ရေး ယခင်နှစ်က စိုက်ပျိုးထားသော ကိုင်းပင်နှင့် ကျူပင်များမှာ ကမ်းပါးပြိုကျပြီး ရေတိုက်စားခံနေရသဖြင့် ကျွန်းဦးကျေးရွာနေ ဒေသခံပြည်သူများစုပေါင်း၍ သဲအိတ်များဖြင့် မြစ်ကမ်းပါးပြိုကျမှုမှ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**တင်ဇာလွင် (ပြန်/ဆက်)**





## နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေလှောင်ကွင်းအတွင်း ငါးမျိုးများစိုက်ထည့်

**နေပြည်တော် ဩဂုတ် ၃၁**

နေပြည်တော်တိုင်း ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝရေပြင်များအတွင်း ငါးမျိုးများ စိုက်ထည့်ပေးလျက်ရှိရာ ဩဂုတ် ၃၀ရက် နံနက် ၉ နာရီက ဇေယျာသီရိမြို့နယ် စည်ပင်ကြီး ကျေးရွာ၌ ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ နေပြည်တော်တိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ညိုညိုအေးနှင့် ခရိုင်ငါးလုပ်ငန်း ဦးစီးမှူးများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူးများ၊ ရေဆင်းငါးလုပ်ငန်းစခန်း တာဝန်ခံနှင့် ဝန်ထမ်းများ၊ စည်ပင်ကြီးကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသားများက နှစ်လက်မအရွယ် ငါးမြစ်ချင်း သားပေါက်ကောင်ရေ သုံးသိန်း၊ ထိုင်းငါးခုံးမကြီး သားပေါက်ကောင်ရေ သုံးသိန်းတို့ကို မျိုးစိုက်ထည့်ပေးကြောင်း သိရသည်။

**သတင်းစဉ်**

## ရပ်စောက်၌ ဇော်ဂျီချောင်းရေလျှံတက်လာမှုကြောင့် နေအိမ်အချို့၌ ရေဝင်ရောက်မှုဖြစ်ပွား

**ရပ်စောက် ဩဂုတ် ၃၁**

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်တွင် ဩဂုတ်လ ၃၀ ရက်နေ့ ညကမိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဇော်ဂျီချောင်း ရေလျှံတက်လာပြီး အဆိုပါ ချောင်းဘေးရှိ နေအိမ်အချို့နှင့် လမ်းမများပေါ်သို့ ချောင်းရေများ ဝင်ရောက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့ ဇော်ဂျီချောင်း ရေများ လျှံတက်လာမှုကြောင့် ဇော်ဂျီ ရပ်ကွက်နှင့် ဥတ္တံ့တားရပ်ကွက် အတွင်းရှိ လူနေအိမ်အချို့နှင့် လမ်းမများပေါ်သို့ ရေများ ဝင်ရောက်ခဲ့ပြီး လိုအပ်လာပါက ကူညီ ကယ်ဆယ်ရေး လုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက် ပေးနိုင်ရန်အတွက် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့မှ ကြီးကြပ်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေး အသင်းအဖွဲ့များက အသင့်စောင့်ဆိုင်းနေခဲ့ကြရာ လူ၊ တိရစ္ဆာန်နှင့် နေအိမ်များ ပျက်စီးဆုံးရှုံးမှုမရှိဘဲ ယနေ့မွန်းလွဲပိုင်းတွင် ချောင်းရေများ အနည်းငယ် ပြန်လည် ကျဆင်းသွားပြီဖြစ်ကြောင်း သိရသည်။

ရပ်စောက်မြို့နယ်၌ ၂၀၂၂ ခုနှစ် ဇူလိုင် ၂၈ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ဇော်ဂျီချောင်း ရေမြင့်တက်လာမှုကြောင့် တာဝန်ရှိသူများမှ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြပြီး အိမ်ထောင်စု ၃၄၃ စုနှင့် စုစုပေါင်း လူဦးရေ ၉၁၈ ဦး ရေဘေးသင့်ခဲ့ကြောင်း သိရသည်။

**ရဲထက်ဦး (ပြန်/ဆက်)**



*စာမျက်နှာ ၁၀ မှ*

LMMA ကို ထိန်းသိမ်းနေသော ကျေးရွာများမှ ဒေသခံများသည် အကြံပြုသတ်မှတ်ခွင့်ပြုထားသော ငါးဖမ်းဆီးခွင့် နေရာများတွင် ငါးဖမ်းဆီးခြင်း၊ ငါးမဖမ်းရနေရာများတွင် မည်သည့်ရေလုပ်သားများကိုမဆို ငါးဖမ်းဆီးခွင့် တားမြစ်ထားမည်ဖြစ်သဖြင့် ထိုနေရာမှ ငါးများသည် ကောင်းမွန်စွာကြီးထွားသားပေါက်မျိုးပွားပြီး ထိုနေရာမှတစ်ဆင့် ငါးများသည် ငါးဖမ်းဆီးခွင့်ပြု ထားသော ရေပြင်များသို့ ပျံ့နှံ့သွားမည်ဖြစ်သည့်အတွက် ငါးသယံဇာတ ပိုမိုတိုးပွားလာခြင်း၊ ဂေဟစနစ်ကို ပျက်စီးစေမည့် ငါးဖမ်းကိရိယာ တားမြစ်နေရာများ သတ်မှတ်ခြင်းဖြင့် ဂေဟစနစ် (တစ်နည်းအားဖြင့် ငါးနေငါးထိုင်များ) ပြန်လည်ကောင်းမွန်လာခြင်း၊ ငါးအမျိုးအစား ကန့်သတ်ရခြင်းမှာ တချို့သော ငါးများသည် ဂေဟစနစ်ကို ကောင်းမွန်အောင် ပြုလုပ်ပေးသော ငါးမျိုးစိတ်များဖြစ်သဖြင့် ငါးအမျိုးအစား ကန့်သတ်ရခြင်းများကို လိုက်နာဆောင်ရွက်ကြခြင်းဖြင့် ငါးသယံဇာတ ရေရှည်တည်တံ့လာမည်ဖြစ်ပါသည်။ ထို့အပြင် ဒေသခံများမှ ရွေးချယ်ဖွဲ့စည်းထားသည့် ကော်မတီအဖွဲ့များမှ တာဝန်ခံပြီး ရေပြင်ကင်းလှည့်ခြင်းနှင့် သတင်းအချက်အလက်များ ပေးပို့ခြင်းကို အလှည့်ကျကင်းလှည့်ခြင်းဖြင့် ကော်မတီအဖွဲ့မှတစ်ဆင့် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနသို့ သတင်းပေးပို့ကြရမှာဖြစ်ပါတယ်။

ဒေသခံများနှင့် ပူးပေါင်းစီမံခန့်ခွဲသော အဏ္ဏဝါကာကွယ်ရေပြင်ဧရိယာသည် မြန်မာ့သမိုင်းတွင် ပထမဦးဆုံးအကြိမ် သတ်မှတ်နိုင်ခဲ့ခြင်းဖြစ်သဖြင့် (၈-၆-၂၀၁၇) ရက်နေ့ ကမ္ဘာ့သမုဒ္ဒရာနေ့တွင် မြိတ်ခရိုင် ကျွန်းစုမြို့နယ် ဒုံးပုလဲအော်ကျေးရွာတွင် ကျင်းပ ဖွင့်လှစ်ခဲ့ပါတယ်။ ယခုလို ဒေသခံများနှင့် ပူးပေါင်းပြီး အဏ္ဏဝါသယံဇာတများကို ထိန်းသိမ်းခြင်းအားဖြင့် ဒေသတွင်းရေပြင်မှ ငါးနေငါးထိုင်နေရာများနှင့် ဇီဝမျိုးစုံမျိုးကွဲများ၊ ဂေဟစနစ်အတွက် အရေးပါသော ငါးမျိုးစိတ်တချို့နှင့် ကဏန်း သက်ငယ်ကောင်များ ကျက်စားရာ နေရာများကို ထိန်းသိမ်းကာကွယ်တတ်စေရန် ရေလုပ်သားများမှ တာဝန်ရှိအသိစိတ်ဓာတ်ဖြင့် ငါးဖမ်းဆီးသည့် အလေ့အထ (Responsible Fishing Practice) များ ပိုမိုများပြားလာခြင်းနှင့် ရေလုပ်သားများ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ထိခိုက်မှုမရှိစေခြင်း အစရှိသည့်အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ပါတယ်။ ။

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၇၅ | ၂၄၂၀ | ၂၄၁၅ | ၂၃၈၀ | ၂၄၂၀ | ၂၄၄၀ | ၂၄၂၅ | ၂၄၀၅ | ၂၅၀၀ | ၂၅၁၅ | ၂၄၁၀ | ၂၄၂၀ | ၂၄၅၅ | ၂၄၅၅ | ၂၄၆၀ | ၂၆၇၅ | ၃၄၅၀ |
| 95 Ron | ၂၄၄၀ | ၂၄၈၅ | ၂၄၈၅ | ၂၄၄၅ | ၂၄၈၅ | ၂၅၀၅ | ၂၄၉၀ | ၂၄၇၀ | ၂၅၆၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၉၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၅ | ၂၇၄၀ | ၃၅၁၅ |
| HSD (500 ppm) | ၃၁၄၀ | ၃၁၈၅ | ၃၁၈၅ | ၃၁၅၀ | ၃၁၈၅ | ၃၂၁၀ | ၃၂၀၅ | ၃၁၇၀ | ၃၂၈၅ | ၃၂၈၀ | ၃၁၈၀ | ၃၁၉၀ | ၃၂၂၀ | ၃၂၂၅ | ၃၂၂၅ | ၃၄၄၅ | ၄၁၈၅ |
| HSD (50 ppm) | ၃၂၂၅ | ၃၂၇၀ | ၃၂၇၀ | ၃၂၃၅ | ၃၂၇၀ | ၃၂၉၅ | ၃၂၉၀ | ၃၂၅၅ | ၃၃၇၀ | ၃၃၆၅ | ၃၂၆၅ | ၃၂၇၅ | ၃၃၀၅ | ၃၃၁၀ | ၃၃၁၀ | ၃၅၃၀ | ၄၂၁၅ |
| HSD (10 ppm) | ၃၂၂၅ | ၃၂၇၀ | ၃၂၇၀ | ၃၂၃၅ | ၃၂၇၀ | ၃၂၉၅ | ၃၂၉၀ | ၃၂၅၅ | ၃၃၇၀ | ၃၃၆၅ | ၃၂၆၅ | ၃၂၇၅ | ၃၃၀၅ | ၃၃၁၀ | ၃၃၁၀ | ၃၅၃၀ | ၄၂၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၆၅ | ၂၃၄၄ |
| 95 Ron | ၂၃၂၇ | ၂၄၀၇ |
| HSD (500 ppm) | ၃၀၁၁ | ၃၁၀၁ |
| HSD (50 ppm) | ၃၀၉၁ | ၃၁၈၃ |
| HSD (10 ppm) | ၃၀၉၁ | ၃၁၈၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## တိုင်းဒေသကြီး/ပြည်နယ် ယူ-၁၉ အသင်းနှင့် ခြေစမ်းပွဲတွင် မြန်မာ ယူ-၁၉ အသင်း အနိုင်ရ

**ရန်ကုန် ဩဂုတ် ၃၁**

စက်တင်ဘာတွင် ကျင်းပမည့် ၂၀၂၃ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၁၉ အသင်းနှင့် ကျင်းပပြီးစီးခဲ့သည့် ၂၀၂၂ တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၉ ဘောလုံးပြိုင်ပွဲမှ ခြေစွမ်းပြနိုင်သည့် ကစားသမားများဖြင့် ဖွဲ့စည်းထားသည့် တိုင်းဒေသကြီး/ပြည်နယ် ယူ-၁၉ အသင်းတို့၏ ဒုတိယခြေစမ်းပွဲကို ဩဂုတ် ၃၁ ရက်က သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပရာ မြန်မာ ယူ-၁၉ လက်ရွေးစင်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

မြန်မာ ယူ-၁၉ အသင်းသည် ပထမပွဲတွင်ကစားခဲ့သည့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ခဲ့ပြီး ယှဉ်ပြိုင်ခဲ့သည်။ ပထမပိုင်းတွင် တစ်ဂိုးစီသရေကျနေသော်လည်း ဒုတိယပိုင်းတွင် ဂိုးများထပ်သွင်းခဲ့သည့် မြန်မာ ယူ-၁၉ အသင်းက အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းအတွက် ဂိုးများကို မိနစ် ၃၀ တွင် မိုးဆွေ၊ မိနစ် ၅၀ တွင် ဥက္ကာနိုင်၊ ၇၆ မိနစ်တွင် သိန်းဇော်သီဟတို့က သွင်းယူခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ် ယူ-၁၉ အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၄၅+၁ မိနစ်တွင် စောစီရဖိုးက သွင်းယူခဲ့သည်။

မြန်မာ ယူ-၁၉ အသင်းသည် ၂၀၂၃ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ အကြိုပြင်ဆင်မှုအဖြစ် ယခုခြေစမ်းပွဲများ ကစားခြင်းဖြစ်ပြီး ပထမခြေစမ်းပွဲတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၁၉ လက်ရွေးစင်အသင်းနှင့် တိုင်းဒေသကြီး/ပြည်နယ် ယူ-၁၉ အသင်းတို့သည် ဩဂုတ် ၂၉ ရက်တွင် ပထမခြေစမ်းပွဲကစားပြီးနောက် ယနေ့တွင် ဒုတိယ ခြေစမ်းပွဲကစားခြင်းဖြစ်ပြီး မြန်မာ ယူ-၁၉ အသင်းက နှစ်ပွဲစလုံး အနိုင်ရခဲ့သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**



မြန်မာ ယူ-၁၉ အသင်းနှင့် တိုင်းဒေသကြီး/ပြည်နယ် ယူ-၁၉ အသင်း ယှဉ်ပြိုင်စဉ်။




## AFF Cup 2022 ပြိုင်ပွဲတွင် မြန်မာအသင်း ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ၊ လာအိုတို့နှင့် တစ်အုပ်စုတည်းကျရောက်

**ရန်ကုန် ဩဂုတ် ၃၁**

အာဆီယံဘောလုံးအဖွဲ့ချုပ်က စီစဉ်ကျင်းပမည့် AFF Cup 2022 ပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို ဩဂုတ် ၃၀ ရက်က ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပရာ **(အပေါ်ပုံ)** မြန်မာအသင်းသည် ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ၊ လာအိုအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့သည်။

ပြိုင်ပွဲကို ငါးသင်း နှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က) တွင် ထိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ခြေစစ်ပွဲအောင်အသင်း (တီမော/ဘရူနိုင်း)၊ အုပ်စု (ခ) တွင် ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ၊ မြန်မာနှင့် လာအိုအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် နောက်ဆုံးကျင်းပသည့် ၂၀၂၀ ပြိုင်ပွဲတွင် တစ်အုပ်စုတည်း ကျရောက်ခဲ့သည့် အသင်းများအနက် စင်ကာပူအသင်းနှင့်သာ ပြန်လည်တွေ့ဆုံလျက်ရှိသည်။ မြန်မာအသင်းသည် ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသဖြင့် နောက်တစ်ဆင့်တက်ရောက်နိုင်ရန် ရှန်းကန်ရဖွယ် ရှိနေသည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် အရှေ့တောင်အာရှ ၁၁ သင်းအနက် အဆင့်သတ်မှတ်ချက်အမြင့်ဆုံး ကိုးသင်းကို နောက်ဆုံးအဆင့်၌ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ပြုခဲ့၍ အနိမ့်ဆုံး နှစ်သင်းဖြစ်သည့် တီမောနှင့် ဘရူနိုင်းအသင်းတို့မှာ ခြေစစ်ပွဲကစားရပြီး အနိုင်ရသည့် တစ်သင်းသာ နောက်ဆုံးအဆင့်ကစားခွင့်ရမည် ဖြစ်သည်။

ပြိုင်ပွဲဝင်အသင်းများအနေဖြင့် အုပ်စုလေးပွဲကို အိမ်ကွင်း နှစ်ပွဲ၊ အဝေးကွင်း နှစ်ပွဲ ကစားရမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်အရ ခြေစစ်ပွဲကို နိုဝင်ဘာတွင် ကျင်းပမည်ဖြစ်ပြီး နောက်ဆုံးအဆင့် ပွဲစဉ်များကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက်အထိ ပြုလုပ်သွားမည်ဖြစ်သည်။

**ရဲရင့်လွင်**
**ဓာတ်ပုံ-AFF**

# အိန္ဒိယနိုင်ငံ၏ ကျည်ဆန်ရထားအစီအစဉ် အကောင်အထည်ပေါ်လာတော့မည်

နယူးဒေလီ ဩဂုတ် ၃၁

**အိန္ဒိယနိုင်ငံ၏ အဓိကကျသော အနောက်ပိုင်းပြည်နယ်တစ်ခုသည် မြန်နှုန်းမြင့်ရထား လမ်းဖောက်လုပ်ရာ၌ ကြုံတွေ့နေသော နှောင့်နှေးကြန့်ကြာမှုများကို လျင်မြန်သောအရှိန်အဟုန်ဖြင့် ရှင်းလင်းရန် တွန်းအားပေးပြီးနောက် ကျည်ဆန်ရထားအစီအစဉ်ကို ရှေ့သို့တွန်းအားပေးအကောင်အထည်ဖော်လျက်ရှိသည်။**

မျှော်မှန်းချက်ကြီးသည့် ကျည်ဆန်ရထား အစီအစဉ်သည် ရထားလမ်းဖောက်လုပ်ရန် လိုအပ်သော မြေယာသိမ်းခြင်းပြဿနာများကြောင့် နှစ်ပေါင်းများစွာကြာ နှောင့်နှေးကြန့်ကြာခဲ့ရသည်။

မြန်နှုန်းမြင့်ရထားလမ်းသည် ဝန်ကြီးချုပ် နာရိန်ဒရာမိုဒီ၏ ဇာတိပြည်နယ်ဖြစ်သော ဂုဂျာရတ်၏ အကြီးဆုံးစီးပွားရေးအချက်အချာဖြစ်သည့် အာမက်ဒါဘက်မြို့မှ မွမ်ဘိုင်းအထိ ၅၀၈ ကီလိုမီတာ ရှည်သောခရီးလမ်းကို သုံးနာရီအတွင်း အရောက်သွားနိုင်မည်ဖြစ်သည်။

အသစ်ခန့်အပ်လိုက်သော အိန္ဒိယနိုင်ငံ မဟာရာရှ်ထရာပြည်နယ် ဝန်ကြီးချုပ်သည် ဩဂုတ် ၂၉ ရက်က အဆိုပါရထားလမ်းအတွက် လိုအပ်သော မြေနေရာရရှိမှုများကို စက်တင်ဘာလအကုန်တွင် အပြီးသတ်လုပ်ဆောင်သွားရန် သက်ဆိုင်ရာ တာဝန်ရှိသူများကို ညွှန်ကြားထားသည်။

မိုဒီ၏အာဏာရ ဘီဂျေပီပါတီသည် အနောက်ပိုင်းပြည်နယ်ခွဲထွက် ရှိဗ်ဆီနာပါတီနှင့် မဟာမိတ်ဖွဲ့ထားသည်။ ယခင်အာဏာရ အတိုက်အခံပါတီလက်ထက်တွင် ကျည်ဆန်ရထားစီမံကိန်းသည် မြေယာပြဿနာများနှင့် ပတ်သက်ခဲ့သည်။ လိုအပ်သော မြေနေရာသိမ်းမှုအပေါ် ဆန္ဒပြမှုများလည်း ဖြစ်ပွားခဲ့သည်။

အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံ ကုန်ကျမည့် အဆိုပါအစီအစဉ်ကို အဓိက ဂျပန်ချေးငွေဖြင့် လုပ်ဆောင်သွားမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ်ထက် နောက်မကျဘဲလုပ်ဆောင်သွားရန် စီစဉ်ထားသည်။

အင်န်အိတ်ချ်ကေ



မွမ်ဘိုင်း-ဟိုက်ဒရာဘတ် မြန်နှုန်းမြင့် ရထားလမ်းပုံစံငယ်ကို တွေ့ရစဉ်။

# ၂၀၂၃ ဂျပန်ကာကွယ်ရေးအသုံးစရိတ် သမိုင်းတစ်လျှောက်တွင် အမြင့်ဆုံးဖြစ်

**တိုကျို ဩဂုတ် ၃၁**

ဂျပန်ကာကွယ်ရေး ဝန်ကြီးဌာနသည် လာမည့်ဘဏ္ဍာနှစ်အတွက် ကာကွယ်ရေး အသုံးစရိတ်ကို အမေရိကန်ဒေါ်လာ ၄၀ ဘီလီယံအထိ ခွဲဝေချထားရန် တောင်းဆိုလိုက်သည်။ အဆိုပါပမာဏသည် မှတ်တမ်းတင် ရလောက်သည့် အမြင့်ဆုံးကာကွယ်ရေး အသုံးစရိတ်ဖြစ်သည်။

လာမည့်ငါးနှစ်ကျော် ကာလအတွင်း ဂျပန်နိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်ကို သိသိသာသာ မြှင့်တင်ရန်အတွက် အဆိုပါ ကာကွယ်ရေး အသုံးစရိတ်ကို ဩဂုတ် ၃၁ ရက်က တောင်းဆိုလိုက်ခြင်းဖြစ်သည်။

ကာကွယ်ရေးဝန်ကြီး ဌာနသည် တန်ပြန်တိုက်ခိုက်မှုများတွင် အသုံးပြုနိုင်ရန်နှင့် အဝေးမှ ရန်သူ့ပစ်မှတ်များကို တိုက်ခိုက်နိုင်သည့် တာဝေးပစ်ဒုံးကျည်အသစ်များ ကျယ်ပြန့်စွာထုတ်လုပ်ရန် စီစဉ်ထားသည်။

ထို့ပြင် ထုတ်လုပ်မှုတွင် ဝေးလံခေါင်သီသော ကျွန်းများကို ကာကွယ်ရန် အဆင့်မြှင့်အသစ်ထပ်မံထုတ်လုပ်ထားသည့် မြေပြင်ကိုယ်ပိုင်ကာကွယ်ရေး တပ်ဖွဲ့၏ သဘော်ဖျက်ဒုံးများနှင့် မြန်နှုန်းမြင့် လျှောပျံဗုံးများ (glide bombs) များလည်း ပါဝင်သည်။


ကာကွယ်ရေးဝန်ကြီး ဌာနသည် စုံစမ်းထောက်လှမ်းခြင်းနှင့် သတင်းအချက်အလက်များကို ရယူရန်အတွက်သာမက တိုက်ခိုက်မှုများကို လုပ်ဆောင်နိုင်ရန် လူလိုက်ပါခြင်းမရှိသည့် လေယာဉ်များကို တိုးတက်ထုတ်လုပ်ရန် စီစဉ်လျက်ရှိသည်။

ထို့ပြင် ကာကွယ်ရေး ဝန်ကြီးဌာနသည် အေးဂျီစ်ဒုံးခွင်းဒုံးစနစ် တပ်ဆင်ထားသည့် ရေယာဉ်များကိုလည်း တည်ဆောက်သွားမည်ဖြစ်သည်။ အဆိုပါစနစ်သည် ဒုံးလက်နက်များနှင့် အသံထက်မြန်သည့် လျှောပျံဗုံးများကို ကောင်းမွန်စွာ တုံ့ပြန်ကာကွယ်နိုင်မည်ဖြစ်သည်။

အင်န်အိတ်ချ်ကေ



ဂျပန်မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့မှ ကုန်းရေနှစ်သွယ် ချေမှုန်းရေးယာဉ်များကို တွေ့ရစဉ်။



ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်။

# မုတ်သုံဖြိုးဟပ်ဆိုးနှင့်ရင်ဆိုင်နေရသော ပါကစ္စတန်ကို ကူညီရန် ဂူတာရက်စ်တောင်းဆို

**ကုလသမဂ္ဂ ဩဂုတ် ၃၁**

ပါကစ္စတန်ပြည်သူများသည် မုတ်သုံဖြိုးဟပ်ဆိုးနှင့် ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ဩဂုတ် ၃၀ ရက်က ပြောကြားလိုက်သည်။ ထို့ပြင် နာရီနှင့်အမျှ အကူအညီလိုအပ်လျက်ရှိသော အစိုးရနှင့် ပြည်သူများကို ကူညီရန် နိုင်ငံတကာအသိုင်းအဝိုင်းကိုလည်း တိုက်တွန်းပြောကြားလိုက်သည်။

ပါကစ္စတန်နိုင်ငံရှိ ရာသီဥတုကပ်ဘေးသည် လူ ၁၀၀၀ ကျော်ကို သေဆုံးစေခဲ့ပြီး လူပေါင်းများစွာကို ဒဏ်ရာရရှိစေခဲ့သည်။ ပါကစ္စတန်ပြည်သူသန်းပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ကြရပြီး ကျောင်းများနှင့် ကျန်းမာရေးအဆောက်အအုံများလည်း ပျက်စီးခဲ့သည်။ ထို့အတူ လူနေမှုဘဝများလည်း ကသောင်းကနင်းဖြစ်ခဲ့သည်။ အရေးကြီးသည့် အခြေခံအဆောက်အအုံများလည်း ယိုယွင်းခဲ့ပြီး ပြည်သူများ၏ မျှော်လင့်ချက်များလည်း လွင့်မြောပျောက်ကွယ်ကုန်ပြီဖြစ်ကြောင်း၊ ပါကစ္စတန်အစိုးရသည် အရေးပေါ်ငွေကြေးထောက်ပံ့မှုအစီအစဉ်အပါအဝင် ရန်ပုံငွေများကို ထူထောင်ပေးခဲ့သော်လည်း လိုအပ်ချက်များ မြင့်တက်လျက်ရှိကြောင်း၊ ကမ္ဘာကြီး၏ စုပေါင်းကူညီမှုနှင့် အာရုံစူးစိုက်မှုကို လိုအပ်လျက်ရှိကြောင်း ဂူတာရက်စ်က ပြောကြားသည်။

ကုလသမဂ္ဂသည် ပါကစ္စတန်၏ ရေဘေးဒုက္ခအခက်အခဲများကို ကူညီရန် ဩဂုတ် ၃၀ ရက်က အမေရိကန်ဒေါ်လာ သန်း ၁၆၀ တောင်းဆိုလိုက်သည်။ တောင်အာရှသည် ကမ္ဘာ့ရာသီဥတုကပ်ဆိုင်ရာ ဗဟိုချက်နေရာတစ်ခုဖြစ်ကြောင်းနှင့် အဆိုပါနေရာများတွင်နေထိုင်သူများသည် တခြားနေရာများတွင် နေထိုင်သူများထက် ၁၅ ဆပို၍ သေဆုံးနိုင်ကြောင်း ဂူတာရက်စ်က ဖော်ပြခဲ့သည်။

ပါကစ္စတန်ပြည်သူများကို ကူညီရန်၊ ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာကြီးပျက်စီးသွားမည့်အရေးကို မသိကျိုးကျွန်ပြုပြီး အိပ်မက်ယောင်လမ်းလျှောက်မှုမျိုးမလုပ်ကြရန် ဂူတာရက်စ်က တိုက်တွန်းပြောကြားလိုက်သည်။ ဆင်ဟွာ

# ဆိုဗီယက်ပြည်ထောင်စုသမ္မတဟောင်း မီခေးလ်ဂိုဘာချော့ဗ် အသက် ၉၁ နှစ်တွင် ကွယ်လွန်

**မော်စကို ဩဂုတ် ၃၁**

ဆိုဗီယက်ပြည်ထောင်စုသမ္မတဟောင်း မီခေးလ်ဂိုဘာချော့ဗ်သည် အသက် ၉၁ နှစ်တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း ရုရှားသတင်းမီဒီယာများတွင် ဩဂုတ် ၃၀ ရက်က ဖော်ပြခဲ့သည်။

မီခေးလ်ဆာဂျီဗစ်ချ် ဂိုဘာချော့ဗ်သည် ပြင်းထန်သည့်နာတာရှည်ရောဂါ ခံစားနေရပြီးနောက် ယနေ့ညနေတွင် သေဆုံးသွားခဲ့ကြောင်း စင်ထရယ်ဆေးရုံ၏ ထုတ်ပြန်ချက်ကို ကိုးကားပြီး ရုရှားမီဒီယာများတွင် ဖော်ပြခဲ့ကြသည်။

ဂိုဘာချော့ဗ်ကို ၁၉၃၁ ခုနှစ် မတ်လတွင်မွေးဖွားခဲ့ပြီး ဆိုဗီယက်ပြည်ထောင်စု၏သမ္မတအဖြစ် ၁၉၉၀ ခုနှစ် မတ်လမှ ၁၉၉၁ ခုနှစ် ဒီဇင်ဘာလအထိ တာဝန်ထမ်းဆောင်ခဲ့သည်။

ဆင်ဟွာ

# ၂၀၂၂ ခုနှစ်တွင် နိုင်ငံခြားခရီးသွား ကိုးသိန်းကို ဆွဲဆောင်နိုင်ရန် လာအိုမျှော်မှန်း

**ဗီယင်ကျန်း ဩဂုတ် ၃၁**

လာအိုအစိုးရသည် ၂၀၂၂ ခုနှစ်တွင် နိုင်ငံခြားခရီးသွား ၉၀၀၀၀၀ ကို ဆွဲဆောင်နိုင်ရန် စီစဉ်ထားပြီး အမေရိကန်ဒေါ်လာ ၂၁၈ သန်းကျော် ရရှိရန် မျှော်မှန်းထားသည်။

မေလ ၉ ရက်မှစပြီး နိုင်ငံတကာခရီးသွားများကို နိုင်ငံအတွင်း ဝင်ရောက်ရန် လမ်းဖွင့်ပေးလိုက်ပြီးနောက် ခရီးသွားကဏ္ဍအလားအလာသည် အပြုသဘောဆောင် တိုးတက်ဖြစ်ပေါ်ခဲ့သည်။

မကြာသေးမီလများအတွင်း နိုင်ငံသားခြားခရီးသွားဝင်ရောက်မှုသည် သိသိသာသာ မြင့်တက်လာခဲ့ပြီး စားနပ်ရိက္ခာများတင်သွင်းရန် လိုအပ်လျက်ရှိသော နိုင်ငံခြားငွေကြေးကို ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း ဗီယင်ကျန်းတိုင်းမ် နေ့စဉ်သတင်းတွင်ဖော်ပြခဲ့သည်။

ဆင်ဟွာ

# သတင်းစီးဆင်းမှုမှန်ကန်မြန်ဆန်ရေး နိုင်ငံပိုင်မီဒီယာများသာမက အခြားမီဒီယာများတွင်လည်း လိုအပ်သလိုထည့်သွင်းဖော်ပြနိုင်

ဘားအံ ဩဂုတ် ၃၁

ကရင်ပြည်နယ်အတွင်း လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်မြန်ဆန်စေရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၉/၂၀၂၂) ကို ဩဂုတ် ၃၁ ရက် နံနက် ၁၀ နာရီခန့်က ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးတွင် ဩဂုတ် ၈ ရက်မှ ၁၀ ရက်ထိ ကျင်းပခဲ့သော ခြောက်လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ကရင်ပြည်နယ်နှင့် သက်ဆိုင်သည့် အစည်းအဝေး ဆုံးဖြတ်ချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားပြီး လုပ်ငန်းလမ်းညွှန်အနေဖြင့် ခံယူဆောင်ရွက်သွားကြစေလိုကြောင်း၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များကို ပြည်သူများ အမှန်အတိုင်း သိရှိစေရေး၊ အသိပေးသင့်သည့် ကိစ္စရပ်များကို အချိန်မီသတင်း ထုတ်ပြန်အသိပေးရေး၊ သတင်းစီးဆင်းမှု မှန်ကန်မြန်ဆန်ရေးဆောင်ရွက်ရန်နှင့် နိုင်ငံပိုင်မီဒီယာများသာမက အခြားမီဒီယာများတွင်လည်း လိုအပ်သလို ထည့်သွင်းဖော်ပြနိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ တည်ဆောက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ စတင်ဆောင်ရွက်နိုင်သည့် အနေအထားသို့ ရောက်ရှိလာပြီဖြစ်သည့်အတွက် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ ဌာနဆိုင်ရာ အကြီးအကဲများအနေဖြင့် မိမိဌာန၏လုပ်ငန်းဆောင်တာများအားလုံးကို သိရှိနားလည်အောင် ဆောင်ရွက်ပြီး တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများက ယခင်အပတ် (၈/၂၀၂၂) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုများကို ဆွေးနွေးရှင်းလင်းတင်ပြခဲ့ကြပြီး ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်က လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ လူမှုရေးဝန်ကြီး ဦးစိုးလွင်က မဲစာရင်းမှန်ကန်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**




## ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ
## တရုတ်နိုင်ငံထုတ် 6yl-8Q ဆီကြိတ်စက် နှစ်လုံးဖြင့် နေကြာဆီ စမ်းသပ်ထုတ်လုပ်

ရန်ကုန် ဩဂုတ် ၃၁

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ဩဂုတ် ၃၀ ရက် နံနက်ပိုင်းက ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား) မှ တရုတ်နိုင်ငံထုတ် 6yl-8Q ဆီကြိတ်စက် နှစ်လုံးဖြင့် နေကြာဆီ စမ်းသပ်ထုတ်လုပ်နေသည့် ဒေါပုံမြို့နယ် စက်ရုံလမ်းရှိ ကတ္တရာကွန်ကရစ်ဖျော်စက်နှင့် ဘိလပ်မြေ ကွန်ကရစ်ဖျော်စက်သို့ ရောက်ရှိရာ တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူတို့က နေကြာဆီစမ်းသပ် ထုတ်လုပ်နေမှုများကို ရှင်းလင်းပြသသည်။ **(အပေါ်ပုံ)**

တိုင်းဒေသကြီး ဝန်ကြီးချုပ်က စက်များ ကြံ့ခိုင်ရေး၊ ကုန်ကြမ်း ရရှိရေးနှင့် စမ်းသပ်တွေ့ရှိချက်များအရ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။

အဆိုပါ ဆီကြိတ်စက်သည် ကုန်ကြမ်းများကို အပူချိန် ၆၂ ဒီဂရီစင်တီဂရိတ်မှ ၂၁၀ စင်တီဂရိတ်အတွင်း ကုန်ကြမ်းအမျိုးအစားပေါ်မူတည်၍ အပူပေးကြိတ်ခွဲရပြီး တစ်နာရီလျှင် ၄၀ ကီလိုဂရမ်မှ ၉၀ ကီလိုဂရမ်အထိ ကြိတ်ခွဲနိုင်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ ပြည်လမ်းမှ ရွှေတိဂုံစေတီတော်အား မြင်တွေ့ဖူးမြော်ရသည့် မြင်ကွင်းလမ်းကြောင်း တစ်လျှောက်နှင့် ပန်းဥယျာဉ်အတွင်း ရှင်းလင်း၍ ရာသီပန်းများ စိုက်ပျိုး၍မြေယာ ရှုခင်းပြုပြင်ရန် လည်းကောင်း၊ ရာသီပန်းပျိုးခြံအတွင်း လိုက်လံကြည့်ရှုပြီး လိုအပ်သည့် နေရာများတွင် ဖြည့်သွင်းစိုက်ပျိုးနိုင်ရေး စဉ်ဆက်မပြတ်ဖြည့်စွက်ပျိုးထောင်သွားရန်မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ စွန့်ပစ်ဟင်းသီးဟင်းရွက်ဆွေးများ၊ သစ်ရွက်ဆွေးများဖြင့် အီးအမ်ဘိုကာရှီ သဘာဝမြေဩဇာ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးမီသည့် သဘာဝမြေဩဇာများ ထုတ်လုပ်ရန် မှာကြားသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီသည် မြေဩဇာကန် ၃၂၀ ကို ဖော်ယူပြီးစီးခဲ့ပြီး ကန် ၁၆၀ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း၊ ကန်တစ်ကန်လျှင် ၁၀ ပိဿာဝင် မြေဩဇာ ၅၄ အိတ် ထွက်ရှိ၍ တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ဈေးနှုန်း ချိုသာစွာ ဖြန့်ဖြူး ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

## "(၃၈) ဖြာ မင်္ဂလာအစီအစဉ်" ဆန်းသစ်တင်ဆက်မှု မြန်မာ့ရုပ်မြင်သံကြား၌ ဆက်လက်ပြသမည်

နေပြည်တော် ဩဂုတ် ၃၁

လူငယ်လူရွယ်များနှင့် ကလေးငယ်များ ယဉ်ကျေးလိမ္မာစေရန်နှင့် အသိပညာဗဟုသုတ တိုးပွားစေရန် အပြင် ဇာတ်သဘင်ကြိုက်နှစ်သက်ကြသည့် မိဘပြည်သူများအတွက် "(၃၈) ဖြာ မင်္ဂလာအစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို မေ ၂၁ ရက်မှစတင်၍ အပတ်စဉ် စနေနေ့တိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့် ပြသလျက်ရှိသည်။




အဆိုပါ (၃၈) ဖြာ မင်္ဂလာအစီအစဉ်များအနက် ဘဝတိုးတက်ရေးအတွက် အဆုံးအမများစွာပါဝင်သည့် အပ္ပမာဒေါစ ဓမ္မေသု (ကုသိုလ်ကောင်းမှုတို့၌ မမေ့လျော့ရခြင်း) အစီအစဉ်ကို စက်တင်ဘာ ၃ ရက် **(စနေနေ့)** ည ၉ နာရီတွင် ဆက်လက်ပြသမည် ဖြစ်သည်။

ယင်းအစီအစဉ်တွင် ရွှေနန်းတင် မျိုးဆက်သဘင်ပညာရှင် ဦးနန်းဝင်းက ရေးသားပူဇော်ပြီး ရန်ကုန်စုဝံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နန်းဝင်း (ရွှေနန်းသဘင်) နှင့် အကယ်ဒမီ မေသဉ္ဇာဦး တို့ဦးဆောင်ပြီး ထက်မြတ်အောင်၊ ရန်ရှင်းမောင်၊ ခါတ်လင်းနှင့် သဘင်ပညာရှင်များ၊ အနုပညာရှင်များ ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို စက်တင်ဘာ ၇ ရက် **(ဗုဒ္ဓဟူးနေ့)** ညနေ ၆ နာရီ သတင်းအပြီးတွင် ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆထိခိုက်မှုအန္တရာယ်ကြောင့် ပြည်သူတို့၏ အသက်နှင့်လူမှုစီးပွားဘဝ ဆုံးရှုံးမှုများ၊ ဒဏ်ရာရမှုများ လျော့နည်းကျဆင်းစေရေးအတွက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တ ရာယ်ကင်းရှင်းရေးကောင်စီ (NRSC) ၏ အချိန်တိုအတွင်း ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်ရေး Quick Win လုပ်ငန်းအစီအမံ (၅) ရပ်နှင့်အညီ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မော်တော်ယာဉ်မောင်းနှင်အသုံးပြုရာတွင် မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများ အသက်ကယ် ထိုင်ခုံခါးပတ် ဝတ်ဆင်အသုံးပြုရန်၊

(ခ) မော်တော်ဆိုင်ကယ် မောင်းနှင်စီးနင်းသူများ၊ နောက်မှလိုက်ပါစီးနင်းသူများအနေဖြင့် အရည်အသွေးပြည့်မီသော ဆိုင်ကယ်စီးဦးထုပ်များ ဝတ်ဆင်အသုံးပြုရန်နှင့် မေးသိုင်းကြိုးမြဲမြံစွာ တပ်ဆင်အသုံးပြုရန်၊

(ဂ) အရက်သေစာ မူးယစ်သောက်စား၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်းမပြုရန်၊

(ဃ) မော်တော်ယာဉ် မောင်းနှင်နေစဉ် လက်ကိုင်ဖုန်း အသုံးမပြုရန်၊

(င) မော်တော်ယာဉ် မောင်းနှင်ရာတွင် သတ်မှတ်ထားသည့် အမြန်နှုန်းထက်ပို၍ မောင်းနှင်ခြင်း မပြုရန်။

**အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀၄ ဦးအနက် ၉၆ ဦးမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများဖြစ်

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၁ ဒသမ ၁၁ ရာခိုင်နှုန်းရှိ

(၃၁–၈–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၀–၈–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၁–၈–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၃၅၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၀၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၁၁) ရာခိုင်နှုန်းရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁၀၄) ဦးအနက် (၈) ဦး၊ (၇.၇) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၉၆) ဦး၊ (၉၂.၃) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများဖြစ်ပါသည်။

**ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ**

(၃၁–၈–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၈) ဦး | (၇.၇) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၉၆) ဦး | (၉၂.၃) % |
| **စုစုပေါင်း** | **(၁၀၄) ဦး** | **(၁၀၀) %** |

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၇၄၅,၄၅၆) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၅,၂၂၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄၈) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၃,၆၁၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦးရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၈) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၃၀–၈–၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၃၇၇,၉၈၅) ဦး နှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၃၉၈,၇၂၈) ဦးတို့အား ထိုးနှံထားရှိပြီးဖြစ်ပါသည်။

**ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**

(၃၀–၈–၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၃၇၇,၉၈၅ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၃၉၈,၇၂၈ |

ကိုဗစ်–၁၉ ရောဂါသည် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ဖြစ်ပွားမှု များပြားလျက်ရှိပါသည်။ မိမိတို့နိုင်ငံတွင် ကိုဗစ်–၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါပိုးများကို ပြည်ပမှဝင်ရောက်လာသူများနှင့် ပြည်တွင်းကူးစက်ခံရသူများတွင် တွေ့ရှိနေရပြီး ယခုရက်ပိုင်းအတွင်း ကိုဗစ်–၁၉ ရောဂါ ပြည်တွင်းအစုလိုက် ကူးစက်မှုများဖြစ်ပွားလျက်ရှိသည်ကို တွေ့ရပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုများအား လျော့ကျစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများဖြစ်သည့် –

(က) ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို အခန်းတွင်း၌ လူတစ်ဦးနှင့်တစ်ဦး နီးကပ်စွာရှိနေခြင်း၊ အများပြည်သူအသုံးပြုသောယာဉ်များဖြင့် ခရီးသွားလာခြင်း၊ အများပြည်သူ ဝင်/ထွက်သွားလာ အသုံးပြုသော ဆေးရုံ/ကျန်းမာရေးဌာနများ၊ ရုံးများ၊ သင်တန်းများ၊ ကျောင်းများ၊ ဈေးများ၊ ဈေးဝယ်စင်တာများ၊ ဘိုးဘွားရိပ်သာအစရှိသော လူစုလူဝေးရှိရာ နေရာများတွင် မဖြစ်မနေတပ်ဆင်ရန်၊

(ခ) ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း၊ လည်ချောင်းနာခြင်းစသည့် ကိုဗစ်–၁၉ ရောဂါ သံသယလက္ခဏာတစ်ခုခုရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့ရန် လိုအပ်ပြီး ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို မဖြစ်မနေဆောင်ရွက်ရန်၊

(ဂ) ရုံးဌာနများသို့ ဖြန့်ဝေထားပြီးဖြစ်သည့် ရုံးဌာနများ၊ လုပ်ငန်းခွင်များအတွက် ထုတ်ပြန်ထားသည့် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာရန်၊

(ဃ) ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့် အထက်ရှိသူ အားလုံးသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး ထိုးနှံပြီးစီးမှုကာလခြောက်လရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထပ်မံထိုးနှံရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ၃၁-၈-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၆၁၄၉၀၁၆ | ၉၁၈၇၃၁၆၉ | ၁၀၆၉၇၄၈ |
| ၂။ | အိန္ဒိယ | ၄၄၄၂၉၂၅၈ | ၄၃၈၃၅၈၅၂ | ၅၂၇၈၇၄ |
| ၃။ | ပြင်သစ် | ၃၄၅၀၉၉၆၁ | ၃၃၉၉၀၉၃၀ | ၁၅၄၀၃၉ |
| ၄။ | ဘရာဇီး | ၃၄၄၁၄၀၁၁ | ၃၃၄၅၇၃၅၉ | ၆၈၃၉၁၄ |
| ၅။ | ဂျာမနီ | ၃၂၀၉၅၈၅၄ | ၃၁၂၀၄၄၀၀ | ၁၄၇၂၂၃ |
| ၆။ | ဗြိတိန် | ၂၃၄၉၂၈၇၅ | ၂၃၁၉၈၁၆၈ | ၁၈၇၇၆၁ |
| ၇။ | တောင်ကိုရီးယား | ၂၃၂၄၆၃၉၈ | ၂၁၂၀၉၆၆၆ | ၂၆၇၆၄ |
| ၈။ | အီတလီ | ၂၁၈၄၅၉၄၃ | ၂၁၀၁၀၁၉၇ | ၁၇၅၅၀၅ |
| ၉။ | ရုရှား | ၁၉၅၂၈၉၆၉ | ၁၈၅၉၆၆၃၄ | ၃၈၄၃၄၆ |
| ၁၀။ | ဂျပန် | ၁၈၇၇၂၀၀၄ | ၁၆၈၇၅၉၆၃ | ၃၉၅၆၄ |

## ၃၁-၈-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၁၄၁၁၆၇၉ | ၁၀၁၇၈၇၆၀ | ၄၃၁၁၇ |
| အင်ဒိုနီးရှား | ၆၃၅၈၈၀၈ | ၆၁၅၆၀၃၄ | ၁၅၇၅၆၆ |
| မလေးရှား | ၄၇၈၀၂၈၄ | ၄၇၁၂၉၁၅ | ၃၆၂၁၀ |
| ထိုင်း | ၄၆၅၀၉၁၉ | ၄၆၀၂၈၆၂ | ၃၂၃၀၆ |
| ဖိလစ်ပိုင် | ၃၈၈၀၂၂၉ | ၃၇၉၄၂၃၄ | ၆၁၈၁၄ |
| စင်ကာပူ | ၁၈၃၇၀၉၀ | ၁၇၅၉၂၈၇ | ၁၅၉၂ |
| မြန်မာ | ၆၁၅၂၂၁ | ၅၉၃၆၁၅ | ၁၉၄၃၈ |
| ဘရူနိုင်း | ၂၂၀၂၄၅ | ၂၁၉၅၆၁ | ၂၂၅ |
| လာအို | ၂၁၄၀၃၉ | ၂၀၈၃၄၄ | ၇၅၇ |
| ကမ္ဘောဒီးယား | ၁၃၇၆၂၀ | ၁၃၄၄၂၀ | ၃၀၅၆ |

## ပဲခူးတိုင်းဒေသကြီး ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ ညှိနှိုင်းစည်းဝေး

**ပဲခူး ဩဂုတ် ၃၁**

ပဲခူးတိုင်းဒေသကြီး ရှေးဦးအရွယ်ကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ အစည်းအဝေးကို ဩဂုတ် ၃၀ ရက်က တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောလင်းအောင်က အမှာစကားပြောသည်။

တိုင်းဒေသကြီးလူမှုဝန်ထမ်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်ပြုံးက လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ပုဂ္ဂလိက မူလတန်းကြိုကျောင်း ခွင့်ပြုမိန့် လေးကျောင်းနှင့် သက်တမ်းတိုး လေးကျောင်းတို့ကို အသိအမှတ်ပြု လက်မှတ်များ ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**




တိုင်းဒေသကြီးအတွင်း မူလတန်းကြိုကျောင်းများအနေဖြင့် လူမှုဝန်ထမ်းဦးစီးဌာနပိုင် ၁၂ ကျောင်း၊ ပုဂ္ဂလိကကျောင်း ၇၂ ကျောင်း၊ ကိုယ့်အားကိုယ်ကိုး ကျောင်း ၉၀ စုစုပေါင်း ၁၇၄ ကျောင်းတွင် တက်ရောက်သူ ကလေးသူငယ် အရေအတွက် ၄၅၅၄ ဦးရှိကြောင်း၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများမှ တာဝန်ခံကျောင်းအုပ်တစ်ဦးအား တစ်လလျှင်ငွေကျပ် ၅၀၀၀၀၊ သင်ကြားပေးနေသော ဆရာမတစ်ဦး တစ်လငွေကျပ် ၃၀၀၀၀ကို တစ်နှစ်စာ ထောက်ပံ့ပေးခဲ့ပြီး ဖြစ်ကြောင်း တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက ပြောသည်။

**ကိုတွတ် (ပြန်/ဆက်)**

## တန့်ယန်းမြို့နယ်၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီး

**တန့်ယန်း ဩဂုတ် ၃၁**

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းထောက်ပံ့ရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ဝိန်းမိုင်ကျေးရွာအုပ်စု ဝိန်းမိုင်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဇူလိုင်လစတုတ္ထပတ်ကစတင်ကာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဝိန်းမိုင်ကျေးရွာသည် ယခင်က ရွာတွင်းလမ်းများမှာ မိုးရာသီရောက်တိုင်း ချိုင့်ခွက်များ၊ ရွှံ့စေးများကြောင့် သွားလာရေး ခက်ခဲခဲ့ကြောင်း၊ ယခုအခါ အဆိုပါ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို အရှည်ပေ ၇၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မထု ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းစီမံကိန်း ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာနေပြည်သူများ ထည့်ဝင်ငွေကျပ် ၅၇ သိန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိကြောင်း၊ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခိုင်မင်းထွန်းက ပြောသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်မှုများကို မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် အတူ ကြည့်ရှုစစ်ဆေးပြီး လမ်းရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားကြောင်း သိရသည်။



တန့်ယန်းမြို့နယ် အတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ဝိန်းမိုင်ကျေးရွာအပါအဝင် ကျေးရွာပေါင်း ၂၀ ၌ ကျေးရွာအဝင်နှင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ၁၂ ခု၊ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းနှစ်ခု၊ ရေကာတာ တည်ဆောက်ခြင်း လုပ်ငန်းတစ်ခု၊ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ငါးခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နီလာ**

## မိုးနဲမြို့နယ်၌ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးနှင့် အသိပညာပေးဟောပြောပွဲ ကျင်းပ

**မိုးနဲ ဩဂုတ် ၃၁**

ရှမ်းပြည်နယ်တောင်ပိုင်း မိုးနဲမြို့နယ် ရဲတပ်ဖွဲ့၊ ပညာရေးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းမှုဖြင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေးနှင့် အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၃၀ ရက်က အမှတ်(၁) မြို့မအခြေခံပညာ အလယ်တန်းကျောင်း၌ ပြုလုပ်သည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းအောင်က လူကုန်ကူးမှု လုပ်ဆောင်ကြသူများ၏ စရိုက်လက္ခဏာများ၊ လူကုန်ကူးခြင်းမခံရအောင် သိထားသင့်သည့် အချက်များ၊ လူကုန်ကူးခြင်းခံရသူများအား နှစ်သိမ့်ဆွေးနွေးခြင်းနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးညွန့်ရွှေက သဘာဝပတ်ဝန်းကျင် ပျက်စီးမှုဝိုင်းဝန်းကာကွယ်ရေး၊ ပလတ်စတစ်ညစ်ညမ်းမှု ဆိုးကျိုးများနှင့် ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းများကိုလည်းကောင်း အသိပညာပေးဟောပြောကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းစည်းဝေး

**လပွတ္တာ ဩဂုတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် သုံးမိုင်မြို့သစ်ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဩဂုတ် ၃၀ ရက်က ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်သည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်က ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများအနေဖြင့် မိမိတို့၏ ရုံးလုံခြုံရေးနှင့် ဝန်ထမ်းများ လုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရန်၊ မိမိတို့ဝန်ထမ်းများ လုံခြုံရေးအသိ လုံခြုံရေးသတိဖြင့် သွားလာဆောင်ရွက်ကြရန်၊ မြို့လုံခြုံရေးအတွက် မြို့ဝင်မြို့ထွက်ဂိတ်များတွင် ပိတ်ဆို့ရှာဖွေရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ကြရန်၊ ဆိုကရေးတီးပြိုင်ပွဲတွင် အားလုံးပါဝင်ယှဉ်ပြိုင်ရန်၊ ကျောင်းပြင်ပနေကလေးများ ကျောင်းပြန်တက်နိုင်ရေးဆောင်ရွက်ကြရန်၊ မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ကြရန်နှင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

အစည်းအဝေးသို့ တက်ရောက်လာကြသည့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## သီပေါမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးများအတွက် ထောက်ပံ့ငွေပေးအပ်

**သီပေါ ဩဂုတ် ၃၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပထမသုံးလပတ် (ဧပြီ၊ မေ၊ ဇွန်) လများအတွက် MCCT အစီအစဉ်ဖြင့် ရပ်ကွက်/ကျေးရွာအုပ်စုများမှ အကျိုးခံစားခွင့်ရှိသည့် ကိုယ်ဝန်ဆောင်မိခင်နှင့် နှစ်နှစ်အောက်ကလေးသူငယ်များအား ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားကို ဩဂုတ် ၂၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စိုးဝင်းက အမှာစကားပြောကြားပြီး မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှူး ဒေါ်စမ်းစမ်းသွယ်က MCCT အစီအစဉ်ဖြင့် အကျိုးခံစားခွင့်ရရှိသည့် ရပ်ကွက်/ကျေးရွာအုပ်စုများအား ထောက်ပံ့ငွေပေးအပ်ရခြင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရပ်ကွက်/ကျေးရွာအုပ်စု ၇၈ အုပ်စုမှ ကိုယ်ဝန်ဆောင်မိခင် ၁၅၃၈ ဦး၊ နှစ်နှစ်အောက်ကလေးသူငယ် ၄၁၀၂ ဦး စုစုပေါင်း ၅၆၄၀ အတွက် ထောက်ပံ့ကြေးငွေကျပ် ၂၄၁၀၃၅၀၀၀ ကိုသက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုများသို့ ပေးအပ်သည်။ **(အပေါ်ပုံ)**

**စိုင်း(သီပေါ)**

## ရေကြည်မြို့နယ်၌ ကျောင်းဆရာမတစ်ဦးထံမှ ဆိုင်ကယ်နှင့်ဖုန်း လုယက်မှုဖြစ်ပွား

**ရေကြည် ဩဂုတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ဒယ်ကုန်းကျေးရွာအုပ်စု၌ ကျောင်းဆရာမတစ်ဦးအား ဓားပြခြိမ်းခြောက်၍ ဆိုင်ကယ်နှင့်ဖုန်းကို လုယက်သွားမှု ဩဂုတ် ၃၀ ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ် ၃၀ ရက် နံနက် ၈ နာရီခွဲခန့်တွင် ဆရာမ ဒေါ်ကြည်ကြည်နိုင်သည် ၎င်း၏ Honda Blade 110 ဆိုင်ကယ်ကို မောင်းနှင်လာစဉ် ဒယ်ကုန်းကျေးရွာအုပ်စု ဒယ်ကုန်းကျေးရွာ ရထားသံလမ်း ကုန်းတံတားအကျော်၌ ရှေ့မှလမ်းလျှောက်နေသည့် အသက် (၄၀)ခန့် အမျိုးသားတစ်ဦးနှင့် (၁၆)နှစ်ခန့် အမျိုးသားတစ်ဦးက ဆိုင်ကယ်လက်ကိုင်ကိုဆွဲလှဲပြီး ဓားဖြင့်ခြိမ်းခြောက်၍ ဆမ်ဆောင်း J-7 ဖုန်းတစ်လုံး၊ ငွေကျပ် ၁၂၀၀၀ နှင့် ဆိုင်ကယ်ကိုယူပြီး မောင်းနှင်ထွက်ပြေးသွားခြင်းဖြစ်ကာ ဖြစ်စဉ်နှင့်ပတ်သက်၍ ရေကြည်မြို့နယ်ရဲစခန်း၌ အမှုဖွင့်တိုင်ကြားထားကြောင်း သိရသည်။

**ဆန်းတင့် (ရေကြည်)**

# ကြွက်ဘေးအန္တရာယ်ကြောင့် သီးနှံပျက်စီးဆုံးရှုံးခဲ့သည့် တောင်သူများနှင့် ဒေသငါးခုမှ အိမ်ထောင်စုများအတွက် ဆန်ရိက္ခာများ ထောက်ပံ့

**မြစ်ကြီးနား ဩဂုတ် ၃၁**

ကချင်ပြည်နယ်အတွင်း ကြွက်ဘေးအန္တရာယ်ကြောင့် လယ်ယာသီးနှံများ ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သော တီယန်ဇွပ်ကျေးရွာအုပ်စုနှင့် အင်ဂျစ်ကျေးရွာအုပ်စုများမှ တောင်သူများအတွက် ဆန်အိတ်များနှင့် မိုးတွင်းကာလစားနပ်ရိက္ခာ အခက်အခဲဖြစ်ပေါ်နေသည့် ဒေသ ငါးခုမှ အိမ်ထောင်စုများအတွက် တစ်လစာ ဆန်ရိက္ခာဖိုးငွေများကို ကချင်ပြည်နယ်အစိုးရက ဩဂုတ် ၃၀ ရက်တွင် ထောက်ပံ့ပေးသည်။

မြစ်ကြီးနားမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး ဆမားဒူဝါဆင်ဝါးနောင်ခန်းမ၌ ပြုလုပ်သည့် ထောက်ပံ့ပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က မိမိတို့ပြည်နယ်အတွင်း ကြွက်ဘေးအန္တရာယ်သည် ၁၉၇၇ ခုနှစ်က တစ်ကြိမ်ကျရောက်ခဲ့ပြီး ယခု တီယန်ဇွပ်နှင့် အင်ဂျစ်ကျေးရွာတို့တွင် ထပ်မံကျရောက်ခဲ့သည့်အတွက် တောင်ယာစပါးနှင့် ဧရာတ်စိုက်ခင်းများ ပျက်စီးဆုံးရှုံးခဲ့သဖြင့် ယနေ့ ကူညီထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ ထို့အပြင် မိုးတွင်းကာလ စားနပ်ရိက္ခာအခက်အခဲ ဖြစ်ပေါ်နေသည့်ဒေသများမှ အိမ်ထောင်စုများကိုလည်း ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ယာပုံ)**



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီးတို့က ကြွက်ဘေးအန္တရာယ် ကျရောက်မှုကြောင့် တီယန်ဇွပ်ကျေးရွာအုပ်စုမှ တောင်ယာစပါး ဧက ၂၂၀၊ ဧရာတ်စိုက်ခင်း သုံးဧက ပျက်စီးဆုံးရှုံးခဲ့သော ဒေသခံတောင်သူ ၇၃ ဦးနှင့် အင်ဂျစ်ကျေးရွာအုပ်စုမှ တောင်ယာစပါး ၆၆ ဧက ပျက်စီးဆုံးရှုံးခဲ့သော ဒေသခံတောင်သူ ၃၃ ဦးအတွက် ဆန်အိတ် ၁၀၆ အိတ်ကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှူး ဒေါ်လှကေသီမာက မိုးတွင်းကာလ စားနပ်ရိက္ခာအခက်အခဲ ကြုံတွေ့နေရသည့် ဒေသ ငါးခုအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာ တစ်လစာ ထောက်ပံ့ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် ပြည်နယ်ဦးစီးမှူးတို့က ပြည်နယ်အတွင်း နှစ်စဉ် မိုးတွင်းကာလ စားနပ်ရိက္ခာအခက်အခဲ ကြုံတွေ့နေရသည့် ချီဖွေခရိုင် ဆော့လော်မြို့နယ်၊ လန်ဆယ်ဒေသနှင့် ပူတာအိုခရိုင် နောင်မွန်မြို့နယ်၊ ခေါင်လန်ဖူးမြို့နယ်နှင့် ရှိန်းခေါင်ဒေသတို့မှ အိမ်ထောင်စု ၄၃၈၆ စု၊ လူဦးရေ ၃၀၃၅၅ ဦးတို့အတွက် တစ်လစာ ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် ၂၇၃၁၉၅၀၀၀ ကို ဒေသအလိုက် တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။

ကြွက်ဘေးအန္တရာယ် ကျရောက်ခဲ့မှုကြောင့် လယ်ယာစိုက်ပျိုးသီးနှံ ပျက်စီးဆုံးရှုံးခဲ့သည့် တောင်သူများနှင့် မိုးတွင်းကာလ စားနပ်ရိက္ခာ အခက်အခဲကြုံတွေ့နေရသည့် ဒေသ ငါးခုမှ အိမ်ထောင်စုများအတွက် ဆန်ရိက္ခာများ အမြန်ဆုံး ကူညီထောက်ပံ့ပေးနိုင်ရေး၊သက်ဆိုင်ရာဌာနအလိုက် ပံ့ပိုးကူညီထောက်ပံ့ပေးနိုင်မည့် အခြေအနေများ၊ ကူညီနိုင်မည့် နည်းလမ်းများနှင့် ကူညီထောက်ပံ့မှုများ အမြန်ဆုံးသယ်ယူပို့ဆောင်နိုင်ရေး ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍လည်း ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဩဂုတ် ၂၉ ရက်က ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ပြည်နယ်
(ပြန်/ဆက်)

# မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးရွာ ၁၄ ရွာ၌ ရေရရှိရေးဆောင်ရွက်မည်

**မန္တလေး ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးရွာ ၁၄ ရွာ၌ လာမည့်နွေရာသီကာလ ရေအခက်အခဲ မရှိစေရန် ရေရရှိရေး နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပြည်ထောင်စု၏ လမ်းညွှန်ချက်များအရ တိုင်းဒေသကြီးအတွင်း၌ ရေအခက်အခဲရှိနိုင်သည့် ကျေးရွာ ၅၄ ရွာကို စိစစ်၍ခန့်မှန်းစာရင်းပြုစုထားရှိကြောင်း၊ အဆိုပါ ကျေးရွာများအနက် ကျေးရွာ ၁၄ ရွာ၌ ယခုဘဏ္ဍာနှစ်အတွင်း ရန်ပုံငွေရရှိမှုပေါ်မူတည်ပြီး တွင်းနက်တူးဖော်ခြင်း ရှစ်ခု၊ တွင်းတိမ်တူးဖော်ခြင်း တစ်ခု၊ မြေသားရေကန်တူးဖော်ခြင်း သုံးခု၊ စိမ့်စမ်းရေသွယ်ယူခြင်း တစ်ခုနှင့် ရေသန့်စင်လုပ်ငန်း တစ်ခု စုစုပေါင်း ၁၄ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကြည်စောက ပြောသည်။

"တိုင်းဒေသကြီးအတွင်းမှာ ရေခက်ခဲပြတ်လပ်နိုင်တဲ့ ကျေးရွာ ၅၄ ရွာကို စိစစ်တွေ့ရှိရတယ်။ အဲဒီရွာတွေမှာ ရေပြတ်လပ်သွားလို့ ရေဖြန့်ဝေပေးခဲ့ရတာတော့ မရှိခဲ့ပါဘူး။ လက်ရှိအဲဒီကျေးရွာတွေမှာ ဘုံဘိုင်တွင်း ၃၃၁ တွင်း၊ တွင်းတိမ် ၂၇ တွင်း၊ တွင်းနက် ၇၁ တွင်း၊ မြေသားရေကန် ၃၄ ကန်၊ လက်တူးတွင်း ခြောက်တွင်း၊ အခြားနည်းလမ်း ခြောက်ခုတို့ကို ပြည်သူများအတွက် ဆောင်ရွက်ပေးထားပြီးတော့ ပုံမှန်လည်ပတ်လျက်ရှိပါတယ်။ တံတားဦးမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ညောင်ဦးမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ သာစည်မြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ ရမည်းသင်းမြို့နယ်များမှာရှိတဲ့ ကျေးရွာတွေ ဖြစ်ပါတယ်။ အဲဒီ ကျေးရွာတွေထဲကမှ ၁၄ ရွာကို ရန်ပုံငွေရရှိမှုပေါ် မူတည်ပြီး ဒီဘဏ္ဍာနှစ်မှာ စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာပါ" ဟု ညွှန်ကြားရေးမှူးက ပြောသည်။



အဆိုပါ ကျေးရွာ ၁၄ ရွာ၌ နွေရာသီကာလ ရေခက်ခဲပြတ်လပ်မှုမရှိစေရန် ယခုဘဏ္ဍာနှစ်တွင် ရေရရှိရေးနည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျန်သည့် ၂၂ ရွာ၌ လာမည့်ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်ထောင်စုရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး တွင်းနက် ကိုးခု၊ မြေသားရေကန် ကိုးခု၊ ပိုက်သွယ်တန်းလုပ်ငန်း တစ်ခုနှင့် အခြားဆက်စပ်လုပ်ငန်း သုံးခုတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ကာ အခြား ၁၈ ရွာကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

# ရေဖြူမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဆင်း

**ထားဝယ် ဩဂုတ် ၃၁**

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဇာထိုး၊ ပန်းထိုး၊ သင်တန်းဆင်းပွဲကို ဩဂုတ် ၃၀ ရက်က အဆိုပါဦးစီးဌာနရုံး၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးရဲခေါင်က သင်တန်းသူများအနေဖြင့် မိမိတို့ဌာနမှ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် ယခုလိုသင်တန်းကို ဖွင့်လှစ်ပြီးဖြစ်သော်လည်း သင်တန်းသူများအနေဖြင့် ဆက်လက်ကြိုးစားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန် မြို့နယ်ကျေးလက်ဦးစီးဌာနမှ အပ်ချုပ်ဆိုင်ကြီးများနှင့် ချိတ်ဆက်ပေး၍ တွင်တွင်ကျယ်ကျယ် အလုပ်အကိုင်တိုးချဲ့ဆောင်ရွက်နိုင်ရန် ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ သင်တန်းသူများအနေဖြင့် အမှန်တကယ် ကြိုးစားလုပ်ကိုင်လိုစိတ်၊ တီထွင်ဆန်းသစ်မှု လုပ်ကိုင်လိုစိတ်မွေးမြူ၍ ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာများ၊ သင်တန်းသူများ တက်ရောက်ခဲ့ကြပြီး တာဝန်ရှိသူများက ဆုရရှိသည့် သင်တန်းသူများအား ဆုများချီးမြှင့်ကာ သင်တန်းသူများပြုလုပ်ထားသော ဇာထိုး၊ ပန်းထိုးချည်များကို ကြည့်ရှုအားပေးခဲ့ကြသည်။

ကိုပြည့်(ကျေးလက်)



# မိုင်းလားမြို့နယ်၌ ကျေးလက်ရေရရှိရေးလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**မိုင်းလား ဩဂုတ် ၃၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ မိုင်းဝ (အောက်)ကျေးရွာ၌ ဆောင်ရွက်ခဲ့သည့် ကျေးလက်ရေ ရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးသဖြင့် တာဝန်ရှိသူများက ဩဂုတ် ၃၀ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။


ရှမ်းပြည်နယ် အရှေ့ပိုင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဦးစိုင်းစိုးငွေ၊ ကျိုင်းတုံခရိုင်ဦးစီးမှူး ဦးကျုံးလျန်ဗို့င်းနှင့် တာဝန်ခံအင်ဂျင်နီယာများက မိုင်းဝ(အောက်)ကျေးရွာ ရေရရှိရေးအတွက် စိမ့်စမ်းရေသွယ်ယူခြင်း နှစ်မိုင်နှင့် ဆက်စပ်လုပ်ငန်းများ ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ကျေးရွာရေပေးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့သည်။

မိုင်းဝ(အောက်)ကျေးရွာ ရေရရှိရေးလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၂ ဒသမ ၇၂၈ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ အားလုံးပြီးစီးသဖြင့် အိမ်ခြေ ၃၈ အိမ်မှ လူ ၂၀၀ နီးပါးအတွက် သန့်ရှင်းသောသောက်ရေ၊ သုံးရေများ လုံလောက်စွာရရှိနေပြီဖြစ်ကြောင်း သိရသည်။

ချိုသန်းညွန့်(ကျေးလက်)

# ရေဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ ခိုးဝင်ဘင်္ဂါလီ ၆၅ ဦးနှင့် ပို့ဆောင်ပေးသူ အမျိုးသား လေးဦးတို့ကို ဖမ်းဆီးရမိခဲ့ပြီး လမ်းခရီးတွင် ရာသီဥတုဆိုးရွားမှုနှင့် အစာရေစာပြတ်လပ်မှုကြောင့် ကျန်းမာရေးအခြေအနေဆိုးရွားသူ ခိုးဝင်ဘင်္ဂါလီ အမျိုးသား သုံးဦး၊ အမျိုးသမီး လေးဦးတို့ ဆေးကုသမှုခံယူနေစဉ် သေဆုံး

၂၉-၈-၂၀၂၂ ရက်နေ့တွင် ဖျာပုံခရိုင် ဖျာပုံမြို့နယ် အမာမြို့နယ်ခွဲ ကဒုံကလေးကျွန်းနှင့် ဂယက်ကြီးကျွန်း(ခ) ခတ္တာကျွန်းကြားတွင် ဘင်္ဂါလီ ကျား ၃၆ ဦး၊ မ ၂၉ ဦး၊ ပေါင်း ၆၅ ဦး ဖမ်းဆီးရမိသည့် တည်နေရာနှင့် လာရောက်ခဲ့သည့် လမ်းကြောင်းတည်နေရာပြမြေပုံ




နေပြည်တော် ဩဂုတ် ၃၁

၂၀၂၂ ခုနှစ် ဩဂုတ် ၂၉ ရက် ည ၁၀ နာရီခွဲခန့်တွင် ဖျာပုံမြို့နယ် ဂယက်ကြီးကျွန်း (ခ) ခတ္တာကျွန်း အနီး၌ ခိုးဝင်ဘင်္ဂါလီများ တင်ဆောင်လာသည့် ရေယာဉ် တစ်စင်း ရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ကဒုံကလေးကျွန်းနှင့် ဂယက်ကြီးကျွန်း(ခ)ခတ္တာကျွန်းကြားတွင် အလျား ၃၈ ပေ၊ ဖြက် ၁၀ ပေရှိသော ငါးဖမ်းစက်လှေ တစ်စီးအား ကျော်ဇောလင်း(၃၇)နှစ် (ဘ) ဦးကျော်ဝင်း စက်လှေမောင်း၊ ကွင်းဝိုင်းကျေးရွာ သံတွဲမြို့နယ် မျိုးချစ်ဦး (၁၈)နှစ် (ဘ) ဦးမြတ်ဝိုင်း လှေလုပ်သား၊ လိပ်ကျောက်ရကျေးရွာ မင်းပြားမြို့နယ် သန်းဝင်း(၃၅)နှစ် (ဘ) ဦးကျော်အေး လှေလုပ်သား၊ ပေါက်တောမြို့နယ် မြင့်ရွှေ(၅၂)နှစ် (ဘ)ဦးစံသိန်း လှေလုပ်သား၊ သစ်ပုတ်တောင်ကျေးရွာ ရမ်းဗြဲမြို့နယ်နေသူတို့ လေးဦးနှင့်အတူ ခိုးဝင်ဘင်္ဂါလီ အမျိုးသား ၃၆ ဦး၊ အမျိုးသမီး ၂၉ ဦး စုစုပေါင်း ၆၅ ဦးကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသည့် စက်လှေမောင်းဖြစ်သူ ကျော်ဇောလင်းအား စစ်မေးရာ ၎င်းသည် စစ်တွေမြို့နေ ဦးစီမန် (စီစစ်ဆဲ)နှင့် ချိတ်ဆက်ပြီး ယခုသယ်ဆောင်လာသူ ဘင်္ဂါလီ ၆၅ ဦးတို့ကို စစ်တွေမြို့မှ ပုသိမ်မြို့ ငွေသောင်ယံကမ်းခြေသို့ စက်လှေဖြင့် ပို့ဆောင်ရန် ငွေကျပ် သိန်း ၂၀၀ ဖြင့် သဘောတူပြီး စရန်ငွေစက်လှေ ငှားရမ်းခ ၂၅ သိန်းအား ဦးစီမန်မှ ပေးခဲ့ကြောင်း၊ ဩဂုတ် ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် စစ်တွေမြို့မဈေးဆိပ်ကမ်း၌ ဘင်္ဂါလီ ၆၅ ဦးတို့ကို သယ်ဆောင်ကာ စစ်တွေမှ ပင်လယ်ပြင်အတိုင်း ကျောက်ဖြူ-မာန်အောင်-ငပလီ-သံတွဲတို့ကို ဖြတ်သန်းမောင်းနှင်ပြီး ရွှေသောင်ယံအနီး ပင်လယ်ပြင်တွင် ကျောက်ချရပ်နားခဲ့ကြောင်း၊ ဩဂုတ် ၂၅ ရက် မွန်းလွဲ ၂ နာရီတွင် ဦးစီမန်က ဖုန်းဆက်ကာ ရွှေသောင်ယံတွင် ကမ်းကပ်၍ မရကြောင်း GPS ဖြင့် ပွိုင့် ၇ ပွိုင့် ပေးပြီး မောင်းနှင်ခိုင်းသဖြင့် မောင်းနှင်ခဲ့ရာ ဩဂုတ် ၂၆ ရက် ည ၁၀ နာရီတွင် ကဒုံကနီကျွန်း သာယာအနီး ပင်လယ်ပြင်တွင် ကျောက်ချရပ်နားပြီး ဦးစီမန် စေလွှတ်သည့်အဖွဲ့အား စောင့်ဆိုင်းနေစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ သယ်ယူပို့ဆောင်ပေးသူ လေးဦးနှင့် ခိုးဝင်ဘင်္ဂါလီ ၆၅ ဦးတို့အား ဥပဒေနှင့်အညီ စစ်ဆေးအရေးယူနိုင်ရေး ခေတ္တထိန်းသိမ်းထားရှိစဉ် ခိုးဝင်ဘင်္ဂါလီ အမျိုးသား ငါးဦး၊ အမျိုးသမီး ရှစ်ဦးတို့သည် ၎င်းတို့ ခိုးဝင်လာသည့် လမ်းခရီးတွင် ရာသီဥတုဆိုးရွားမှုနှင့် အစာရေစာပြတ်လပ်မှုတို့ကြောင့် ကျန်းမာရေးအခြေအနေဆိုးရွားနေသဖြင့် လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့သော်လည်း အမျိုးသား သုံးဦး၊ အမျိုးသမီး လေးဦးတို့မှာ သေဆုံးသွားခဲ့ပြီး ကျန်ရှိသူ ခြောက်ဦးအား ဆက်လက်ဆေးဝါးကုသပေးလျက်ရှိသည်။

ဖမ်းဆီးရမိသည့် ခိုးဝင်ဘင်္ဂါလီများနှင့် သယ်ယူပို့ဆောင်ပေးသူ ကျော်ဇောလင်းပါ လေးဦးတို့ကို ဘိုကလေးမြို့မရဲစခန်း၌ ထိန်းသိမ်းထားရှိပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေးဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၃၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် အမှတ်(၁၀)ရပ်ကွက်နေ မင်းမင်းပိုင်(ခ)သိန်းသည် ၎င်းအသုံးပြုသည့် “Min Min Paing” Facebook အကောင့်ဖြင့် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊စက်မှုကုန်ကြမ်းပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၃၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၉ ရက်တွင် ချင်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟားခါး-ဂန့်ဂေါကားလမ်းကားကြီးကွင်းအတွင်း ဖလမ်းမြို့မှ ဟားခါးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်၌ တရားမဝင်သယ်ဆောင်လာသော အရက်မျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၂၈၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ချင်းဝိသေသတိုင်းအက်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၃၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်တင်ယာဉ်သုံးစီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသော လူသုံးကုန်ပစ္စည်းမျိုးစုံ၊ စက်မှုကုန်ကြမ်းပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၂၃၅၃၂)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ကုန်တင်ယာဉ် သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀၀၀)နှင့် နောက်တွဲယာဉ် သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၇၃၀၂၃၅၃၂) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုတလင်မြို့ မြို့မဈေးရှေ့၌ Pajero အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သံတွဲခရိုင် သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ကုတ်မြို့နယ်နှင့် သံတွဲမြို့နယ်တို့အတွင်း တရားမဝင်သစ်မျိုးစုံ ၁၃ ဒသမ ၉၀၄၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၇၈၂၈၄)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် နေပြည်တော်ကောင်စီ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လယ်ဝေးမြို့နယ်သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တောင်တွင်းကြီး-ပျဉ်းမနား အစုန်စာပို့ရထား ဆိုက်ရောက်စဉ် ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အဆိုပါရထားပေါ်တွင် တရားမဝင်သယ်ဆောင်လာသော ကျွန်းသစ် တန် ၀ ဒသမ ၂၄၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၃၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က ကင်းလှည့်စစ်ဆေးမှုများဆောင်ရွက်စဉ် မန္တလေး-ပြင်ဦးလွင်ကားလမ်း မိုင်တိုင်အမှတ်(၁၈)မိုင် (၆)ဖာလုံ အနီးတွင် လမ်းဘေး၌ ပိုင်ရှင်မဲ့စုပုံထားသော စက္ကူဖြဲထုပ် ၅၃၈ ဖာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၁၄၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သာယာဝတီခရိုင် မင်းလှမြို့နယ်အတွင်း တရားမဝင်ကျွန်းသစ် ၇ ဒသမ ၃၀၇၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၄၁၇၁၆)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၂၉ ရက်၊ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၇ မှု၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၉၉၉၄၆၅၃၂ ) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁-၉-၂၀၂၂ ကြာသပတေးနေ့

**MRTV HD**

**၀၆:၀၀** ဓမ္မတ္တသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေး
**၀၉:၁၀** NRC အစီအစဉ်(ကရင်) 'အလှဖြာဝေဖားစည်ငြေ'
**၁၀:၀၀** သတင်းထဲကသတင်း
**၁၃:၃၀** MRTV National News
**၁၆:၃၅** မျက်မှောက်ရေးရာအဖြာဖြာ
**၁၇:၁၀** လူမှုစီးပွားမြင်ကွင်းများ
**၁၇:၂၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ ဩဂုတ်လ)(အပိုင်း-၁)
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** '၃၀ ဖြာ မင်္ဂလာ'(ဦးနန္ဒဝင်းရေးသားပူဇော် တင်ဆက်သည်) 'ဝိရတီပါပါ'
**၁၉:၀၀** သံစဉ်ချိုမြမြန်မာတေးအလှ
**၁၉:၁၀** မြန်မာဇာတ်လမ်းတွဲ 'အချစ်ရဲ့ဘိဝ်မက်တန်ဖိုး' (အပိုင်း-၁၃)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** လပတ်မိုးလေဝသ အခြေအနေ
**၂၁:၁၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၂၀** (၁၀)ကြိမ်မြောက် ဆိုကရေးတီးပြိုင်ပွဲ 'မဟာစုဒ္ဒဝင်ဖွားတော်မူခန်း' (ပထမဆု) (ရန်ကုန်တိုင်းဒေသကြီး)(ဒုတိယပိုင်း)
**၂၂:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'အချစ်ဆိုသည်မှာ' (အပိုင်း-၂၀)

**mitv**

**07:01** Evergreen Classic: Myat Day Thanar (Pan Ei Phyu)
**07:10** The History Of Mrauk U Pagoda
**07:26** Chef Life: Cho Wut Ye
**07:33** Ecotourism: Bat Cave and Chatthin Wildlife Sanctuary
**07:45** Myanmar Traditional Identity (EP-2) Myanar Chinthe (Myanmar Lion)
**08:01** News
**08:27** Introductory Programme of Literary Award Winners: Maung Nai (Dathanika)
**08:42** The Lives of Stone Slab and Mortar Makers
**09:01** Discovering Tribes: Wa - Their Life and Customs
**09:36** Bamboo Fashion in Style
**09:46** Elephant Catching and Scaring Trip Mile Stone 26

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ချိုအေးမွှေးတဲ့ အုန်းမွှေးလုံး
**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
တောင်ကြာပန်းများ ပျော်စံရာ ဇိန်မှုတောင်
**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ချင်းရိုးရာဆေးအိုး၊ ဆေးတံအကြောင်း
**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
ဒီရေတောနှင့်ရှင်သန်သူ
**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ရခိုင်တိုင်းရင်းသားတို့ရဲ့ချစ်စရာ့ရိုးရာအိမ်ကလေး
**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
မို့ရဲ့ကောင်းကျိုးဆိုးကျိုး
**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
ဝက်သားချဉ်ပြုလုပ်နည်း
**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
ကချင်ရိုးရာစကောထမင်း
**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
လောပိတရေအားလျှပ်စစ်
**ဝကောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ဂွန္တဝင်ဆန်တဲ့အချစ် (အပိုင်း-၄)(ဇာတ်လမ်း)
**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
စာမြိန်ဖွယ်ရာ ဝုံးဟင်းလျာ

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၄၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ ဩဂုတ်လ)(အပိုင်း-၁)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ယုန်ကမတိုးပိုက်ကတိုး'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၁)
**၁၁:၀၀** ရွေးချယ်တင်မြှောက်ပုံစနစ် (အပိုင်း-၂)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၁)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၄၅** မျိုးကောင်းမျိုးသန့်စိုက်ပျိုး အထွက်တိုးမယ့်ရွှေနေကြာ
**၀၇:၁၀** အကျိုးရှိစွာအသုံးချပါ ကိုင်းကူးကိုင်းဆက် နည်းပညာ (ရှောက်၊ သရက်)
**၀၈:၁၅** တောင်သူမှသည်...တောင်သူဆီသို့
**၀၉:၂၀** မြေဆွေးပုံဘယ်လိုပြုလုပ်မလဲ
**၀၉:၄၅** ခေတ်မီတွေးမြင်နည်းသစ်ထွင် ငါးမွေးမြူလျှင်စားပင်စိုက်

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၁၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၁၀** Soccer View/Weekly Sports Info Sports Diary/Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲကသူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel တို့ နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# အရေပြားအကျိတ်နာရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကျွဲ၊ နွားများတွင် ဖြစ်ပွားတတ်သည့် အရေပြားအကျိတ်နာရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး မိမိတို့မွေးမြူထားသော ကျွဲ၊ နွားများကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) နာမကျန်းကျွဲ၊ နွားများကို လွှတ်ကျောင်းခြင်း၊ အခြားကျွဲ၊ နွားများနှင့် ရောနှောခြင်း မပြုရန်၊
(၂) ကျွဲ၊ နွား မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို အထူးဂရုပြုရန်နှင့် ပိုးသတ်သန့်စင်ခြင်း ဆောင်ရွက်ရန်၊
(၃) ကျွဲ၊ နွားအသစ် ဝယ်ယူမွေးမြူမည်ဆိုပါက ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ကျွဲ၊ နွားများကို ဝယ်ယူမွေးမြူရန်၊
(၄) ဝယ်ယူသည့်နွားအသစ်များကို မိမိခြံရှိနွားများနှင့် မိမိခြံရှိကျွဲများနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(၅) ရောဂါပိုးသယ်ဆောင်တတ်သည့် အင်းဆက်ပိုးမွှားများဖြစ်သည့် မှက်၊ ခြင်၊ ယင်နှင့် မွှားများကို ထိန်းချုပ်ရန်၊
(၆) ဆေးထိုးအပ်နှင့် ခြံအသုံးအဆောင်ပစ္စည်းများ မျှဝေသုံးစွဲခြင်းမပြုရန်၊
(၇) ကျွဲ၊ နွားများရွှေ့ပြောင်းသယ်ဆောင်ရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက်မှတ် (AHD/PC-3)ရယူရန်၊
(၈) မိမိကျွဲ၊ နွားများတွင် အရေပြားအကျိတ်နာ ဖြစ်ပွားနေသည်ဟု သံသယရှိပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁-၉-၂၀၂၂

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၂၀၂၃၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၂၀၂၁၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၂၃ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၂၁ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၃၂၄၅ ကျပ် | ၃၂၉၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၃၃၃၀ ကျပ် | ၃၃၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၅၀၅ ကျပ် | ၂၆၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၆၇၀ ကျပ် | ၂၇၁၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၀၉၆ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၀၁ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၇ . ၅၃၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၁၄ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၆၉ . ၂၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၃၀၄ . ၄၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၆ . ၃၉၉ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၀ | ၀ | ၀ | ၀ |
| MTSH | ၂၄၅၀ | ၂၄၅၀ | ၈၄၆၉ | ၂၀၇၄၉၀၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၄၅၀ | ၂၄၅၀ | ၃ | ၇၃၅၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၅၀ | ၂၄၅၀၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## စစ်ကိုင်းတိုင်းဒေသကြီး
## ခင်ဦးမြို့နယ်၊ မြို့နယ်သမဝါယမအသင်းစု
## လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ် သမဝါယမအသင်းစုပိုင် မြကန်သာရပ်ကွက်ရှိ မြေဧရိယာ ဝဒသမ ၅၅ဧကအား လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

လေလံလျှောက်လွှာ ရောင်းချမည့်ရက် - ၂-၉-၂၀၂၂ရက်မှ ၁၅-၉-၂၀၂၂ရက်အထိ

လေလံလျှောက်လွှာ ပိတ်သိမ်းမည့်ရက် - ၁၅-၉-၂၀၂၂ရက် (၁၆:၀၀)နာရီ

လေလံလျှောက်လွှာ ရောင်းချမည့်နေရာ - စစ်ကိုင်းတိုင်းဒေသကြီး၊ သမဝါယမဦးစီးဌာန၊ မုံရွာမြို့

၂။ အာမခံစပေါ်ငွေ ပေးသွင်းထားသည့် အထောက်အထားမူရင်းအား သက်ဆိုင်ရာလေလံတင်ထုခွဲရောင်းချရေးအဖွဲ့/အသင်းအမှု ဆောင်အဖွဲ့ ထံသီးခြားအပ်နှံရမည်ဖြစ်ပြီး လေလံဈေးနှုန်း တင်သွင်းလွှာလျှောက်လွှာများကို အာမခံစပေါ်ငွေပေးသွင်းထားသည့် အထောက်အထားမိတ္တူနှင့်အတူ လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက် ၁၅-၉-၂၀၂၂ရက် (၁၆၀၀)နာရီ နောက်ဆုံးထား၍ ခင်ဦးမြို့၊ မြန်မာ့စီးပွားရေးဘဏ်ခွဲသို့ ပေးသွင်းရန်ဖြစ်ပြီး သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသော ဈေးနှုန်းတင်သွင်းလွှာလျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ လေလံလျှောက်လွှာ ပိတ်သိမ်းပြီးသည့် နောက်နေ့ ၁၆-၉-၂၀၂၂ရက် ၁၀နာရီတွင် လေလံဖွင့်လှစ်ရောင်းချခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၀၇၁-၂၀၂၃၉၀၈၊ ၀၇၁-၂၀၂၃၁၉၆**

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**

---

**ဖခင် အမည်မှန်**

လယ်ဝေးမြို့၊ အထက(သပြေပင်) Grade-5မှ မမြတ်စု Grade-1မှ မအင်ကြင်းမိုးတို့၏ ဖခင်အမည်မှန်မှာ ဦးချစ်ဆန်းမောင် ၉/လဝန(နိုင်) ၂၄၉၇၆၈ ဖြစ်ပါကြောင်း။ **ဦးချစ်ဆန်းမောင်**

---

### အမည်မှန်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ မျှော်တော်ဦးအုပ်စု၊ မျှော်တော်ဦးကျေးရွာနေ ဦးသန်းမြင့်၏သမီး မခင်စုနှင်းနွယ်၏ အမည်မှန်မှာ မခင်ဆုနှင်းနွယ် ၁၁/မအန(နိုင်) ၀၇၄၂၆၉ ဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်

ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ရွှေဂုကုန်းကျေးရွာနေ ဦးမြင့်ဦး ၁/ရကန(နိုင်) ၀၄၆၂၃၃၏သမီး မဒီဝေယံမြင့်မြတ် ၁/ရကန(နိုင်) ၀၆၂၈၅၀၏ မွေးသက္ကရာဇ်အမှန်မှာ (၂၇-၉-၁၉၉၉) ဖြစ်ပါကြောင်း။

---

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ပဲခူးမြို့နယ်၊ ဥဿာမြို့သစ်၊(၂)ရပ်ကွက်၊ မြေတိုင်း(၈)၊ ဘုရင့်နောင်လမ်း၊ အမှတ်(၈/၃၁၂) နေ ဒေါ်မိုးသီတာ (ဘ)ဦးဘသောင်း ၇/ပခန(နိုင်) ၀၀၅၅၁၁၏သား မောင်ရှိုင်းခန့်(ဘ)ဦးဇော်ဝင်း ၇/ပခန(နိုင်) ၃၃၃၇၆၅သည် မိခင်၏ ဆိုဆုံးမမှုကို နားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုမူပြီး ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှထွက်ခွာသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝများအား တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**မိခင်-ဒေါ်မိုးသီတာ**

---

### ကန့်ကွက်နိုင်ပါကြောင်းကြေညာချက်

တောင်ငူမြို့၊ (၁၅)ရပ်ကွက်၊ (၄)လမ်း၊ အကွက်အမှတ်နှင့်အမည် (၆)ကလမ်းမကျယ်၊ ဦးပိုင်အမှတ်(၁၄၂/ခ)၊ ဧရိယာ (ဝဒသမ၀၂၇)ဧကရှိ အရှေ့-ဦးပိုင်အမှတ် (၁၄၂/က)၊ အနောက်-ဦးပိုင်အမှတ်(၁၄၃/က)၊ တောင်-ဦးပိုင်အမှတ်(၁၄၂/က)၊ မြောက်-(၄)လမ်းအလားလေးရပ်အတွင်းရှိ ဒေါ်မမမေအမည်ပေါက်သော ဘိုးဘပိုင်ခြံမြေကွက်အား ဒေါ်ရီမိုးထက်၊ ဒေါ်ရီမွန်ထက်၊ ဦးနိုင်လင်းထက်တို့(၃)ဦး၏အမည်သို့ ပြောင်းလဲမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၂ခုနှစ်၊ စက်တင်ဘာလ ၂၃ရက်မတိုင်မီ တောင်ငူမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ တောင်ငူ**

---

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ ညောင်ဝိုင်းကျေးရွာအုပ်စု၊ မြိုင်သာယာအမှတ် (၃)ရပ်ကွက်၊ အကွက်အမှတ် ၁၃၉ဟု ခေါ်တွင်သော ဧရိယာ ဝဒသမ ၀၅၅ ဧကအကျယ်အဝန်း ပေ(၄၀X၆၀)ရှိခြံမြေနှင့် ၎င်းခြံမြေ၏ ၏ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးဇော်ဦး(ဘ)ဦးညွန့်တင် ၁၂/ကတန(နိုင်)၀၅၅၂၂၅ နှင့် ဒေါ်မြင့်မြင့်ခိုင်(ဘ)ဦးကျော်ကျော် ၁၂/ကတန(နိုင်)၀၉၅၁၆၇ တို့က ၎င်းလက်ရှိ ပိုင်ဆိုင်လျက်ရှိသော ခြံမြေနှင့်ပတ်သက်၍ မိမိတို့ကသာတရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုပြောဆိုသဖြင့် အပြီးအပိုင်လက်ရောင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သည့် ဦးမောင်လင်း(ဘ)ဦးစက်မောင် ၅/စကန (နိုင်)၀၅၅၆၂၈ မှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထား ပြီးဖြစ်ပါသည်။ အဆိုပါရောင်းဝယ်ခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့်ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဲဆုဇာခြည်သိမ့်(LL.B,D.B.L,D.I.L, W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၀၄၆)**
**အမှတ် ၃၇၊ T.T.Uရှေ့၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၅၉၇၉၁၂၆**

---

### သက်ဆိုင်သူများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၈၄) ဒေါ်စန်းစန်းမိုး ၁၃/တကန(နိုင်) ၁၃၄၅၉၀သည် ဦးခင်အောင်ထူး ၁၂/လမတ(နိုင်) ၀၀၆၀၈၄ နှင့်လက်ထပ်ပေါင်းသင်းခဲ့ရာ မောင်ဖွဲ့ခန့်အောင်၊ မောင်ဘုန်းပြည့်ကျော် သားနှစ်ဦးမွေးဖွားထွန်းကားခဲ့ပါသည်။ ဦးခင်အောင်ထူး သည်ဇနီးနှင့်သား(၂)ဦးအား ကျွေးမွေးထောက်ပံ့မှုမရှိဘဲ ၎င်းအားအပြီးအပြတ် ကွာရှင်းခဲ့ပြီး ၂၀၁၈ခုနှစ်ကစ၍ တရားဝင်လင်ခန်းမယားခန်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ သို့ပါ၍ ဦးခင်အောင်ထူးနှင့် ထိုစဉ်အချိန်ကစ၍ လင်ခန်းမယားခန်းပြတ်စဲပြီးဖြစ်၍ ၎င်းနှင့်လုံးဝပတ်သက်သက်ဆိုင်မှုမရှိတော့ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိတော့ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းမိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန္ဒာထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၇၂)**
**၅၅ဘားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၀၄၄၈၅၉၉**

---

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈/U9)၊ မြေကွက်အမှတ်(၁/၂)၊ ဗိုလ်မင်းရောင်လမ်း၊ ဒေါ်စန်းမြင့် ၁၂/လကန(နိုင်) ၀၅၆၇၁၆နှင့် ဒေါ်စိန်မြင့် ၁၂/ဥကမ(နိုင်) ၁၀၁၂၁၀ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်၏ အကျယ်အဝန်း(၁၄၀ x ၂၈၀)ပေရှိသည့်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် ၁/၁ နှင့် ကပ်လျက်ပေ(၂၀)အကွာ အကျယ်အဝန်း (၂၀ x ၁၈၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ယခုရောင်းချသူအမည်ပေါက်များကသာ တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသဖြင့် ၎င်းတို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- | |
|---|---|---|
| ဒေါ်နွဲ့ယဉ်ဝင်း | ဒေါ်ယဉ်ယဉ်သူ(LL.B) | ဒေါ်တင်ဇာအေးကို(LL.B) |
| ၆/ကသန(နိုင်) ၀၀၄၁၉၀ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| | (စဉ်-၂၅၈၃၂) | (စဉ်-၁၇၅၆၄) |

**ဖုန်း-၀၉-၇၆၄၈၅၂၈၇၉၊ ၀၉-၇၇၀၀၇၃၅၆၁**

---

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆၈/၄)၊ မြေကွက်အမှတ်(၁၉၅/က)၊ ငစိန်လမ်း၊ အကျယ်အဝန်း (၂၀ x ၆၀)ပေရှိ ဦးကရာပြား (ဘ)ဦးဒါးမန်း ၁၂/ဒဂတ(ယ) ၀၂၂၀၈၁၊ ၁၂/သဃက(ပြု) ၀၂၂၀၈၁ အမည်ပေါက် (စလစ်)မြေအမျိုးအစားမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များ ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်မေသူလှိုင် ၁၂/ဥကတ(နိုင်) ၁၆၂၈၂၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- | |
|---|---|---|
| ဒေါ်သီတာအေး | ဒေါ်ယဉ်ယဉ်သူ(LL.B) | ဒေါ်တင်ဇာအေးကို(LL.B) |
| ၆/ကသန(နိုင်) ၀၆၉၈၉၄ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| | (စဉ်-၂၅၈၃၂) | (စဉ်-၁၇၅၆၄) |

**ဖုန်း-၀၉-၇၆၄၈၅၂၈၇၉၊ ၀၉-၇၇၀၀၇၃၅၆၁**

---

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅၁)၊ မြေကွက်အမှတ် ၁၁၂၁(ခ)၊ ဘုရင့်နောင်(၁)လမ်း၊ အကျယ်အဝန်း(၂၀ x၆၀)ပေ၊ ဦးညွန့်မောင် (CF-၀၆၂၆၃၆)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များ ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်မြရီ ၁၂/မဂဒ(နိုင်) ၀၁၀၇၇၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- | |
|---|---|---|
| ဒေါ်ဝါဝါခိုင် | ဒေါ်ယဉ်ယဉ်သူ(LL.B) | ဒေါ်တင်ဇာအေးကို(LL.B) |
| ၁၂/ဥကမ(နိုင်) ၁၈၅၄၁၃ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| | (စဉ်-၂၅၈၃၂) | (စဉ်-၁၇၅၆၄) |

**ဖုန်း-၀၉-၇၆၄၈၅၂၈၇၉၊ ၀၉-၇၇၀၀၇၃၅၆၁**

---

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၂-B)၊ မြေကွက်အမှတ်(ယခင်-၃/က၊ ယခု-၉)၊ အကျယ်အဝန်း (၃၇ပေ x၅၇ပေ)ရှိ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသော မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ တရားဝင်ခွင့်ပြုချက်နှင့်အညီ ဆောက်လုပ်ထားသည့် အင်းစိန်မြို့နယ်၊ ကမ်းနားလမ်းအလယ်ရပ်ကွက်၊ ခေမာလမ်း၊ အမှတ် ၇၉ ဟုခေါ်တွင်သည့် အဆောက်အအုံအပါအဝင်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးကံဝင်း ၁၂/ အစန(နိုင်)၀၂၂၂၄၅နှင့် ဒေါ်မြင့်မြင့်ရီ ၁၂/ အစန(နိုင်)၀၂၂၂၄၆ တို့က လက်ဝယ်ထားပိုင်ဆိုင်ပြီး အပေါင်အနှံ ၊ အရှုပ်အရှင်းကင်းရှင်း၍တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ငွေငွေဝင်း(LL.B,D.I.L. WIPO(Switzerland**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၁၆)**
**အမှတ် ၂၇၊ နိဂြောဓလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၀၃၇၅၅၈၊ ၀၉-၇၈၅၀၃၇၅၅၈**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၇၉၉/ပန်းဘဲတန်း)၊ မြေကွက်အမှတ် (ခ/၅၇)၊ မြေဧရိယာ ဝဒသမ ၁၂၁ ဧကရှိ မြေသည် ဗိုလ်မှူးစိန်ထွန်း အမည်ဖြင့် ဂရန်စာချုပ်နံပါတ် ၃၀၄၆ မြေငှားဂရန် အမှုတွဲအမှတ် RP No.119 V/ of 1997-1998 မြေငှားဂရန် သက်တမ်းမှာ ၁၂-၆-၁၉၉၇ မှ ၁၁-၆-၂၀၂၇အထိ နှစ်(၃၀)မြေငှားဂရန်ဖြစ်ကြောင်း၊ စစ်ကိုင်းခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ ၁၆-၁၀-၁၉၉၈ ရက်စွဲပါ အမှုတွဲအမှတ် ၁၂၄/၉၈ အရ ဦးတင်ဝင်းအမည်သို့ ပြောင်းလဲချထားပေးခဲ့ပြီး ဤရုံး၏ ၁၉-၄-၂၀၀၅ရက်စွဲပါ အမှုတွဲအမှတ် ၂၉/၂၀၀၅ အရ ဦးညီညီလွင် ၅/စကန(နိုင်)၀၄၀၉၁၆ အမည်သို့ မြေငှားဂရန် အမည်ပြောင်း ထပ်မံထုတ်ပေးခဲ့ကြောင်း၊ ၂၄-၁၁-၂၀၂၁ရက်တွင် ဦးညီညီလွင်မှ ဒေါ်ခိုင်သင်းနွယ်သို့ မြေကွက်အရောင်းအဝယ်စာချုပ် ချုပ်ဆို ရောင်းချခဲ့ပြီး စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားရှိပါကြောင်း၊ ယခုအခါ ဒေါ်ခိုင်သင်းနွယ်မှ ယင်းမြေနေရာအား ၎င်းအမည်ဖြင့်မြေငှားဂရန် အမည်ပြောင်းထုတ်ပေးနိုင်ပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူမည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ရုံးချိန်အတွင်း တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

---

**အမည် မှန်**

ဦးကျော်သစ်ဆန်း၏သမီး ကျိုင်းတုံမြို့ BETTER CHANGE Private School Grade-3မှ မမြသွေးခြယ်၏ အမည်မှန်မှာ မမြသွေးချယ် ဖြစ်ပါကြောင်း။ **မမြသွေးချယ်**

---

### အများသိစေရန်ကြေညာခြင်း

တာချီလိတ်မြို့၊ တာလေ့ရပ်ကွက်၊ အိမ်အမှတ်(၅၃) ဦးကျော်ဝင်း(ခ)ဦးဖုံချွန်ရဲ၏ သား ဦးခင်လွင် ၁၃/ကတန(နိုင်) ၀၀၀၆၆၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဦးခင်လွင်နှင့် ဒေါ်နန်းဆီဝမ်း ၁၃/တခလ(နိုင်) ၀၂၃၀၂၆တို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး ၂၀၀၃ ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းလာခဲ့ကြရာ သားသမီး(၃)ဦးထွန်းကားခဲ့ပါသည်။

၂၀၁၃ခုနှစ်တွင် ဦးခင်လွင်နှင့်ဒေါ်နန်းဆီဝမ်းတို့သည် စကားများကြပြီး အကြင်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန် နှစ်ဦးနှစ်ဖက် ဆန္ဒမရှိပါသောကြောင့် ဓလေ့ရိုးရာအရ ကွာရှင်းမှုပြုလုပ်ပြီးအကြင်လင်မယားအဖြစ် ဆက်လက်နေထိုင်ပေါင်းသင်းခြင်းမရှိတော့ပါ။ ၂၀၁၄ခုနှစ်တွင် ထိုင်းနိုင်ငံ၊ ချင်းရိုင်းမြို့ရှိ တရားရုံးတွင် တရားဝင်ကွာရှင်းခဲ့ပါသည်။

တာချီလိတ်မြို့နယ်တရားရုံး၊ ၂၀၁၉ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂၂၂တွင်လည်း ရုံးတော်မှ ဦးခင်လွင်နှင့် ဒေါ်နန်းဆီဝမ်းတို့သည် လင်မယားစကားများကြပြီးနောက် ပေါင်းသင်းနေထိုင်ခြင်းမရှိတော့သည်မှာ ၂၀၁၃ခုနှစ်ကတည်းကဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ ချင်းရိုင်းမြို့ရှိ တရားရုံးတွင် ကွာရှင်းထားပြီးဖြစ်ကြောင်း သုံးသပ်ကာ အမိန့်ချမှတ်ခဲ့ပါသည်။

ထို့ကြောင့် ဦးခင်လွင်နှင့် ဒေါ်နန်းဆီဝမ်းတို့သည် ၂၀၁၃ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခြင်းမရှိတော့ပါ။

ဦးခင်လွင်နှင့် ဒေါ်နန်းဆီဝမ်းတို့သည် အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးသည်ဖြစ်၍ နောက်နောင်တွင် ဒေါ်နန်းဆီဝမ်းနှင့် ပတ်သက်သည့် ကိစ္စရပ်များသည် ဦးခင်လွင်နှင့်သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါ သည်။

**ဦးခင်လွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူဇာမိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၄၈)**
**အမှတ်(၈/၁၆၀)၊ မကာဟိုခမ်း(ယာမြေ)ရပ်ကွက်၊ တာချီလိတ်မြို့၊**
**ဖုန်း-၀၉-၇၇၇၅၅၃၄၂၀**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့၊ မြို့ကွက်သစ်ရပ်ကွက်၊ အကွက်အမှတ်(၂၊ မြို့ကွက်သစ်)၊ ဦးပိုင် အမှတ်(၄၂၈)၊ ဧရိယာ(ဝဒသမ၀၅၅)ဧကရှိ မြေအား မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ မရမ်းကျေးရွာအုပ်စု၊ မရမ်းကျေးရွာနေ ဦးအောင်ဇော်ဦး ၁၄/ဟသတ(နိုင်) ၁၉၈၀၁၁မှ မြေငှားဂရန်အသစ်ရရှိရေးအတွက် မြေပေးမိန့်၊ မြို့နယ်တရားရုံးကျမ်းကျိန်လွှာနှင့် အခြားလိုအပ် သည့်စာရွက်စာတမ်း အထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆိုယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မအူပင်မြို့**

---

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မုံရွာမြို့၊ ညောင်ကိုင်းရပ်ကွက်၊ ပြည်ထောင်စုလမ်းနေ ဦးမောင်မောင်ဦး-ဒေါ်ကြူကြူခိုင် တို့၏သား မောင်ထိုင်ဝမ်ထွန်းသည် မိဘတို့၏ ဆိုဆုံးမမှုကို နားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီးမိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်မောင်ဦး-ဒေါ်ကြူကြူခိုင်**

---

### အမွေပြတ်စွန့်လွှတ်ခြင်း

မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ နယ်မြေ(၁)နေ ဦးဉာဏ်သိန်း ၁/ဝမန(နိုင်) ၀၀၆၉၇၁-ဒေါ်ထုရော် ၁/ဝမန(နိုင်) ၀၁၅၃၃၅ တို့၏သား မောင်ဉာဏ်လင်းထွန်း ၅/မရန(နိုင်) ၂၃၆၆၄၀သည် မိဘအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်သည့်အပြင် မိဘတို့၏ ဆိုဆုံးမမှုကို နားမထောင်ဘဲ ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှ ထွက်သွားပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်ပါကြောင်း နှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးဉာဏ်သိန်း-ဒေါ်ထုရော်**

---

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ အိမ်မဲမြို့နယ်၊ ထန်းလေးပင်ကျေးရွာ အထကကျောင်းခွဲ ဒသမတန်း Grade-10မှ နော်စေးဝါးဖောနှင့် သတ္တမတန်း Grade-7မှ နော်လေးလေးဝါးတို့၏ ဖခင်မှာ စောစေးခူ(ခ)မောင်ငွေအေး ၁၄/လပတ(နိုင်) ၂၁၇၆၈၄ တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

---

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 43W/65138, TARYAN 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငွေရီ ၁၄/ပသန(နိုင်)၀၃၄၄၄၉ က (ကမ-၃) ပျောက်ဆုံး၍မိတ္တူ ထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

---

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 2M/4927 ယာဉ်လက်ဝယ်ရှိသူ ဦးရွှန်အုပ် ၄/ဟခန(နိုင်) ၀၄၈၃၉၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ချင်းပြည်နယ်ရုံး(ဟားခါး)**

---

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရသေ့တောင်မြို့နယ်၊ လက်ပံပင်ရင်းအုပ်စု၊ နမ်းခင်းကျေးရွာနေ ဝိုင်းစု ၁၁/ရသတ(နိုင်) ၁၂၈၇၉၆၏မိခင် ဒေါ်ဦးစိန်သန်း ၁၁/ရသတ(နိုင်) ၀၁၇၀၇၄နှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်အရမလှဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

---

**ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ**

စမ်းချောင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၂၉ဒီ၊ မြေကွက်အမှတ် ၂၀၆၊ ဧရိယာ ဝဒသမ ၇၃၂ ဧက၊ မြေကွက်တည်နေရာ အမှတ် ၁၄၊ ရွှေလီလမ်း၊ (၁၀)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ဒေါ်ကျင်ထွား ၁၄/ဝခမ(နိုင်)၁၅၁၂၁၂ ၊ ဒေါ်တင်ငွေ ၁၄/ဝခမ(နိုင်) ၁၄၄၄၈၆၊ ဒေါက်တာ သိန်းဝင်း ၁၄/ဝခမ(နိုင်)၁၃၆၁၉၉ အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဒေါ်ကျင်ထွားသည် ၂၄-၇-၂၀၂၁ရက်တွင် အပျိုကြီးဘဝဖြင့် ကွယ်လွန်ပြီး ကိတ္တိမသားသမီးများ မွေးစားထားခဲ့ခြင်းမရှိကြောင်း(ဖခင်)ဦးစစ်တင်နှင့် (မိခင်)ဒေါ်သန်းကျင်မှ မွေးဖွားသော တအူတုံဆင်း မောင်နှမအရင်းများဖြစ်သည့် ကျန်အမည်ပေါက်နှစ်ဦးဖြစ်သူ ညီမ ဒေါ်တင်ငွေ ၁၄/ဝခမ(နိုင်)၁၄၄၄၈၆ နှင့် မောင်သိန်းဝင်း ၁၄/ဝခမ(နိုင်)၁၃၆၁၉၉ တို့မှ ဒေါ်ကျင်ထွား၏ အစုအတွက် အမွေဆက်ခံခွင့်ရှိကြောင်း ဒဂုံမြို့နယ်တရားရုံး၌ ၈-၆-၂၀၂၂ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊သန်းခေါင် စာရင်း၊ အမည်ပေါက်စာချုပ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်သည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

---

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ လူနေရပ်ကွက်အမှတ်(-)၊ ငွေစင်(၃)လမ်း ၊မြေကွက်အမှတ်(၉၃၁) အကျယ်အဝန်း (၄၀ပေ× ၆၀ပေ) (၀.၀၅၅)ဧက ရှိ ဒေါ်ခင်နှင်းအုန်း (၅/ဝလန(နိုင်)၀၁၃၆၅၆)၊ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်နှင်းအုန်း ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ကျော်လှိုင် LL.B**
**Ph,09421746974 အထက်တန်းရှေ့နေ (စဉ်-၄၃၆၈၈)**
**အမှတ်(၅၁၅)၊ဗိုလ်သုန်လမ်း၊(၄၉)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။**

---

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ဗိုလ်မင်းရောင်လမ်း၊မြေကွက်အမှတ်(၁၃)၊အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိဦးခင်ဝင်းအမည်ပေါက်နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်စံအေးမြ(၁၁/စတန(နိုင်)၀၁၆၉၀၀)မှ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်အမှတ်(၁၂၉၃/၂၀၀၆)ဖြင့်ချုပ်ဆိုခဲ့ပြီး ဒေါ်စံအေးမြထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သန်းနွယ် (၁၂/ဥကတ(နိုင်)၁၀၆၆၃၉) (အေအေ-၁၀၄၀၈၉) ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ကျော်လှိုင် LL.B**
**Ph,09421746974 အထက်တန်းရှေ့နေ (စဉ်-၄၃၆၈၈)**
**အမှတ်(၅၁၅)၊ဗိုလ်သုန်လမ်း၊(၄၉)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။**





## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးညဏ်လှိုင်ထွန်း ၈/ရနခ(နိုင်)၁၁၇၄၆၀၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၀၈၈၆၆၆၂၆**

## ပြင်ဆင်ဖတ်ရှုပါရန်

၃၀–၈–၂၀၂၂ရက်ထုတ်စာမျက်နှာ ၂၉ တွင် ပါသော အများသိစေရန် ကြော်ငြာတွင် **မောခမ်းနွဲ့** နှင့် **မောခမ်းခွဲ** စားသောက်ဆိုင်အစား **မောခမ်းနွံ** စားသောက်ဆိုင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ ဥတ္တရခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ အထက(၁၃)၊ Grade-7(B)မှ ဦးနိုင်လင်း၏သမီး မရတီရွှန်းလဲ့၏ မွေးသက္ကရာဇ်အမှန်မှာ ၁၈–၈–၂၀၁၀ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ညီညီထက် ၈/နမန(နိုင်)၂၂၂၁၆၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၀၈၈၆၆၆၂၆**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သန်းဇော်ဝင်း ၈/ရနခ(နိုင်)၀၈၇၃၅၄ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၀၈၈၆၆၆၂၆**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်သူဌေး ၈/ဆပဝ(နိုင်)၁၂၃၁၅၀၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၀၈၈၆၆၆၂၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7M/2368, KIA SORENTO Station Wagon(4x4) ယာဉ်လက်ဝယ်ရှိသူ ဦးကောင်းဝဏ္ဏ၁၄/မအန(နိုင်)၁၇၁၇၄၅က(ကမ–၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

